# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၇)ရက် ၊ စနေနေ့ ၊ (2-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ

## တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် မတ် ၂**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား–**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများကို အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် စီးပွားရေးဦးတည်ချက်(၃)ရပ်ချမှတ်၍

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီးခုနစ်တိုက်မှ သံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ ဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှ သံဃာတော်အပါး ၁၆၀၊ အုပ်ချုပ်သူ ရှစ်ဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ဦးရေ ၁၇၀ နှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ စုစုပေါင်း ၁၅၃ ဦးတို့ ယနေ့တွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နံနက်ပိုင်းတွင် သံဃာတော်များအားလည်းကောင်း၊ ညနေပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂ ရက်

အယ်ဒီတာ့အာဘော်

# တောင်သူတို့၏အင်အား နိုင်ငံတော်၏ အကျိုးစီးပွား

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ ၂ ရက်နေ့အချိန်အခါသည် နိုင်ငံတော်၏ စားနပ်ရိက္ခာကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသော တောင်သူလယ်သမားများကို အလေးအနက်ဂုဏ်ပြုသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ လယ်ယာကဏ္ဍ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူ သန်းပေါင်းများစွာ၏ အဓိကအသက်မွေးမှုလုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် ပုဂံခေတ်မတိုင်မီကစ၍ ယနေ့ထက်တိုင် ရပ်တည်နေပါသည်။ နိုင်ငံအတွင်းရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသတွင် နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် စီးပွားရေးဆောင်ရွက်ကာ အသက်မွေးကြသည့်အတွက် တောင်သူလယ်သမားများသည် နိုင်ငံအတွက် ခေတ်အဆက်ဆက်အဓိကအရေးပါသူများဖြစ်ပါသည်။ နိုင်ငံသားတို့၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် တောင်သူလယ်သမားများကို ကျေးဇူးရှင်တောင်သူဦးကြီးများဟုပင် နိုင်ငံသားများက တင်စားခေါ်ဝေါ်ကြပါသည်။

မြန်မာနိုင်ငံသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတုအခြေအနေနှင့် လိုက်လျောညီသော နည်းပညာများ ပေါင်းစပ်စိုက်ပျိုးမှုများ ပြုလုပ်ပါက စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားတို့၏ လူမှုစီးပွားတိုးတက်ခြင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်ခြင်းဖြစ်သဖြင့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်လာမည်ဖြစ်ပြီး တိုင်းပြည်ဝင်ငွေလည်း ပိုမိုရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အပိုင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကို အားပေးဖြည့်ဆည်းပေးသည့်အနေဖြင့် ခေတ်မီစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ရာသီဥတုနှင့် ဈေးကွက်သတင်းများကို မိုဘိုင်းဖုန်းများမှ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုအသုံးချနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းကိုပါထုတ်လွှင့်၍ တောင်သူလယ်သမားများ အသိအမြင်နှင့် ဝင်ငွေတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးပြီး ဝင်ငွေတိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေရေးအတွက်လည်း သီးနှံအလိုက် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတစ်ဝန်း၌လည်း မျိုးစေ့ပြပွဲ၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန်ပြပွဲ ပြိုင်ပွဲများကိုလည်း လယ်ယာစီးပွားကဏ္ဍဖွံ့ဖြိုးရေး အလေးထားကာ နှစ်စဉ် ကျင်းပပေးလျက်ရှိပါသည်။ နိုင်ငံတော်အပိုင်းက တောင်သူများ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စိတ်စေတနာအပြည့်ဖြင့် ရိုးသားဖြူစင်စွာ ကြိုးစားဆောင်ရွက်နေကြသည့် တောင်သူလယ်သမားများ၏ ပေါင်းစည်းအင်အားဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း နိုင်ငံတစ်ဝန်းလုံးရှိ ကျေးဇူးရှင်တောင်သူလယ်သမားအပေါင်းကို တိုက်တွန်းဂုဏ်ပြု ရေးသားလိုက်ရပါသည်။

# မန္တလေး ရွှေကျင်တိုက်မကြီးအတွင်းရှိ ကျွန်းကျောင်းတော်ကြီးနှင့် မကွရာမြို့ဟောင်းကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်မည်


မကွရာမြို့ဟောင်းကို တွေ့ရစဉ်။

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားဧည့်သည်များ ပိုမိုလည်ပတ်နိုင်ရန်အတွက် အောင်မြေသာစံမြို့နယ် ရွှေကျင်တိုက်မကြီးအတွင်းရှိ သမိုင်းဝင်ကျွန်းကျောင်းတော်ကြီးနှင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မကွရာမြို့ဟောင်းတို့ကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျွန်းကျောင်းတော်ကြီးတွင် ထိုင်းလူမျိုး ဝိသုကာပညာရှင်၏ ရုပ်တုလည်းရှိပြီး ထိုင်းလူမျိုးများ၏ ပူးပေါင်းပါဝင်မှုနှင့် မင်းတုန်းမင်းကြီး၏ကောင်းမှုဖြစ်သည့် ကျွန်းကျောင်းတော်ကြီးကို ခရီးစဉ်ဒေသသစ်ဖော်ဆောင်မည်ဖြစ်သကဲ့သို့ မကွရာမြို့ဟောင်းတွင်လည်း ကုန်းဘောင်ခေတ်ထက်စောသည့် ရှေးဟောင်းအဆောက်အအုံများရှိသည့်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်စိုးက ပြောပြသည်။

"ကျွန်းကျောင်းတော်ကြီးလို နေရာမျိုးကလဲ ထိုင်းလူမျိုးခရီးသွားလုပ်ငန်းဈေးကွက်ကို ကြော်ငြာပြီးတော့ မြှင့်တင်ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ အသစ်ပေါ်လာနိုင်မဲ့ ခရီးစဉ်သစ်ဖြစ်လာပြီးတော့ ထိုင်းလူမျိုးတွေ စိတ်ဝင်စားမဲ့နေရာဖြစ်လာနိုင်ပါတယ်။ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတွေ ဦးဆောင်တဲ့ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဆိုပြီး ခရိုင်တွေမှာ ဖွဲ့ထားတာရှိပါတယ်။ သူတို့အဖွဲ့တွေက ခရီးစဉ်ဒေသသစ်ဖော်ဆောင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ခရီးစဉ်ဒေသမှာရှိတဲ့ ခရီးသွားတွေ သွားလာရေး၊ နေထိုင်ရေး၊ စားသောက်ရေးအဆင်ပြေအောင် လုပ်ဆောင်နေတာရှိပါတယ်။ ကျွန်းကျောင်းကြီးနဲ့ မကွရာမြို့ဟောင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနဲ့ ပူးပေါင်းဆွေးနွေးပြီးတော့ ခရီးစဉ်ဒေသသစ်တွေ ဖော်ထုတ်ဆောင်ရွက်သွားမှာပါ" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်စိုးက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မတ် ၁**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များကို ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ ပြည်တွင်း ဈေးကွက်အပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး (ဗမာ) များ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ပြောင်းဖူး(ဗမာ)ကို မန္တလေး၊ ရန်ကုန်နဲ့တောင်ကြီးစတဲ့မြို့တွေမှာ အခုလတ်တလော ကုန်သည်တွေက ဝယ်ယူမှုပြန်များတယ်။ မန္တလေးကုန်စည်ဒိုင်ထဲမှာတော့ အခုနောက်ပိုင်း ပြောင်းဖူး (ဗမာ)အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ ပြန်ပြီးများလာတယ်။ အခြားမြို့ကြီးဖြစ်တဲ့ ရန်ကုန်မှာလဲ ပြောင်းဖူး (ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီ ၂၉ ရက် ပေါက်ဈေးအရ ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

လက်ရှိတွင် ပြောင်းဖူး(ဗမာ) များကို ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊အိန္ဒိယနိုင်ငံ စသည့်နိုင်ငံများက ဝယ်ယူမှုများရှိနေကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားဖြစ်မွေးမြူရေးခြံ ၃၁၀၀ ကျော်ကို လိုအပ်သည့်နည်းပညာရပ်များ ဆောင်ရွက်ပေးနေ

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများ၏ စီးပွားဖြစ်မွေးမြူရေးခြံ ၃၁၀၀ ကျော်ကို လိုအပ်သည့် နည်းပညာရပ်များ ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ စီးပွားဖြစ်မွေးမြူသောခြံများကို ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန်အတွက် ဌာနက သက်ဆိုင်ရာမြို့နယ်အလိုက် အသိပညာပေးသင်တန်းများ၊ ဝန်ဆောင်မှုများနှင့် နည်းပညာရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးတိုးချဲ့မွေးမြူလာအောင်၊ အောင်မြင်ဖြစ်ထွန်းတဲ့ဒေသတွေ ရွေးချယ်ပြီးတော့ မွေးမြူရေးလုပ်ငန်းတွေအတွက် လုပ်ဆောင်ပေးနေပါတယ်။ မွေးမြူတဲ့တောင်သူတွေ နည်းစနစ်မှန်ကန်စွာ မွေးမြူတတ်တဲ့ အလေ့အကျင့်ရလာအောင် အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ဖန်တီးဖော်ဆောင်ပေးတာပါ။ လိုအပ်တဲ့နည်းပညာရပ်တွေကိုလဲ အချိန်နဲ့တပြေးညီ ဆောင်ရွက်ပေးနေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသနွား မွေးမြူရေးခြံ ၁၈၀၊ နို့စားနွား မွေးမြူရေးခြံ ၅၀၊ ဝက်မွေးမြူရေးခြံ ၂၆၀ ကျော်၊ ဆိတ်မွေးမြူရေးခြံ ၄၅၀ ကျော်၊ ဥစားကြက်မွေးမြူရေးခြံ ၁၀၁၆ ခြံ၊ အသားစားကြက် မွေးမြူရေးခြံ ၁၀၇၀၊ ဒေသကြက် မွေးမြူရေးခြံ ၁၀ ခြံ၊ ငုံးမွေးမြူရေးခြံ ၃၀ ကျော်၊ ဒေသဘဲ မွေးမြူရေးခြံ နှစ်ခြံ၊ ဥစားဘဲ မွေးမြူရေးခြံ ၁၁၀ ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် ကျိုင်းတောင်းကျေးရွာ၌ ကန့်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် မတ် ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုင်းတောင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကန့်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မိမိထွေး၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ဝင့်ဝါဖြူ၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ရှိသူများက ကျိုင်းတောင်းကျေးရွာ၌ ကန့်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မိမိထွေးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပြင်ဦးလွင်မြို့နယ် ကျိုင်းတောင်းကျေးရွာ၌ အရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကန့်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၃၃၆ ဒသမ ၂၄ သန်းအသုံးပြု၍ Winner Myanmar ကုမ္ပဏီက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့၊ ၇၈ လမ်း၊ ဆောက်လုပ်ရေးတိုက်တန်းနေ ဦးဝင်းကျော်အောင်-ဒေါ်နှင်းနှင်းမာ သား-မောင်ရိုန်းထက်ပိုင်၊ မောင်သူရိန်လင်းထက် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ရုံးအဖွဲ့မှူး ဦးသန့်စင်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၈၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၁၀၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၈၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲတီစိမ်းဧက ၁၁၀၃၀ စိုက်ပျိုးဖို့အတွက် လျာထားတာ ဒီနေ့ထိ ၁၀၈၀၇ ဧက စိုက်ပျိုးပြီးနေပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုမှာ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ၆၂၈၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၁၈ ဧက စုစုပေါင်း ၁၀၈၀၇ ဧကဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ၆၅၁၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၅၁၅ ဧက စုစုပေါင်းဧက ၁၁၀၃၀ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ် ဂျိုးဂေါင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဟသ်ာတ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျိုးဂေါင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂျိုးဂေါင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဟသ်ာတမြို့နယ် ဂျိုးဂေါင်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ငါးပေရှိ ခြစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၇၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စင်မာ**

# ဇီးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မတ် ၁**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စပါယ်မျှောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စပါယ်မျှောင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အရင်းအတိုးငွေများပေးသွင်းရမည့် သတ်မှတ်ရက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စပါယ်မျှောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၈ ဦးကို ငွေကျပ် ၄၅ ဒသမ ၄၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၅၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ် ၄၉ ဒသမ ၉၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ (၆၃)

ကြည်လွင်မြင့် (မုံရွာ)



**ကေရာဇ်ပင်**

အင်္ဂလိပ်အမည် - Tree Jasmine; Indian cork tree

မျိုးရင်း - Bignoniaceae (ကြောင်လျှာမျိုးရင်း)

ရုက္ခဗေဒအမည် - Millingtonia hortensis Linn.f.

**အဓိကဆေးဖက်ဝင်ပုံ**

အမူးအမော်၊ ရင်တုန်ခြင်း၊ အိပ်မပျော်ခြင်း၊ သွေးတိုးခြင်း၊ မူးဝေခြင်း၊ အရက်မူးခြင်း၊ စိတ်ဂနာမငြိမ်ခြင်း၊ သွေးတက်ကြွခြင်း၊ စိတ်ပျံ့လွင့်ခြင်းရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အပွင့်၊ အညွန့်၊ အမြစ်

**အပင်ပုံသဏ္ဌာန်**

ကေရာဇ်ပင်သည် ပင်စည်ဖြောင့်မတ်သော သစ်ပင်ကြီးမျိုးဖြစ်သည်။ အမြင့် ပေ ၄၀ မှ ၅၀ ထိ ရှိသည်။ အခေါက်မှာ ညိုဝါရောင်ရှိပြီးကြမ်း၏။ အရွက်မှာ ရွက်ဆိုင်ထွက်သည်။ ရွက်ပေါင်းဖြစ်ပြီး ရွက်မြွာများဘဲဥပုံ၊ လှံစွပ်ပုံရှိသည်။ ရွက်ထိပ်ချွန်သည်။ ထိပ်ရွက်တစ်ရွက်ပါသည်။ ရွက်နား လွှသွားကဲ့သို့ကျဲကျဲရှိသည်။ ရွက်ပြားချောမွေ့သည်။ အပွင့်မှာ အပွင့်ကြီးဖြစ်သည်။ အလျားရှည်၍ အဖြူရောင်ရှိသည်။ အနံ့အနည်းငယ်မွှေးသည်။ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပွင့်သည်။

ကေရာဇ်ပင်၏အသီးသည် သီးတောင့်ရှည်မျိုးဖြစ်သည်။ ထိပ်နှစ်ဖက်ရှည်သည်။ တပို့တွဲလ၊ တပေါင်းလတွင် အသီးရင့်မှည့်သည်။

ကေရာဇ်ပင်၏အမြစ်မှာ အမြစ်များဖြာထွက်လျက်ရှိသည်။ ရေသောက်မြစ်မှာ မြေတွင်းသို့ နက်ရှိုင်းစွာထိုးဆင်းသော်လည်း ဘေးမြစ်မြွာများမှာ မြေတွင်ကပ်ဖြန့်လျက်ရှိသည်။ ဘေးဘက်သို့ အမြစ်များမှတစ်ဆင့် အပင်များထပ်ထွက်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ကေရာဇ်ပင်သည် အေးခါးသောအရသာရှိသည်။ သွေးကို တက်ကြွစေ၏။ ငြိမ်းလည်း ငြိမ်းစေ၏။ လေကို ငြိမ်စေတတ်၏။

သဘာဝဓမ္မဆေးကျမ်းများအဆိုအရ ကေရာဇ်သည် အပင်တို့၏ ကေ-တစ်ခုတည်းသော၊ ရာဇာ-မင်းဖြစ်သည်။ အပင်တို့၏ဘုရင်ဖြစ်သည်ဟု အဆိုရှိသည်။ မူးယစ်သောက်စားသူတို့သည် မင်းကေရာဇ်ရှေ့မှောက်ရောက်လျှင် ကြောက်လန့်၍ အမူးပြေကြသကဲ့သို့ မူးယစ်သောက်စားသူများသည် ကေရာဇ်ပင်အောက်သို့ရောက်သည်နှင့် အမူးပြေသွားသည်ဟုအဆိုရှိသည်။ သွေးမူး၊ လေမူး၊ နှလုံးမူးသူများသည် ကေရာဇ်ပွင့်ကို ရှူရှိုက်လျှင် အမူးပြေသည်။ ကေရာဇ်ပွင့်နှင့်အညွန့်ကို ဆေးဖက်ဝင်အဖြစ် အသုပ်ပြုလုပ်၍စားလျှင် အမူးအမော်ရောဂါဟူသမျှ သက်သာပျောက်ကင်းစေနိုင်သည်ဟုဆိုသည်။ ကေရာဇ်ပင်သည် အမူးအမော်တို့၏ ဘုရင်ဖြစ်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ခေါင်းမူးလျှင်၊ ခေါင်းမကြည်လျှင် ကေရာဇ်ပွင့်ကို ရှူရှိုက်ပေးခြင်း၊ အိပ်ရာနားတွင်ထား၍ အိပ်ခြင်းဖြင့် အမူးအမော်ပြေပြီး အိပ်မပျော်သူများ အိပ်ပျော်စေနိုင်သည်။

၂။ သွေးတိုးရောဂါရှိသူများသည် ကေရာဇ်ရွက်ကိုပြုတ်၍ သုပ်စားခြင်း၊ ကြော်စားခြင်းဖြင့် သွေးတိုးကို ထိန်းနိုင်သည်။

၃။ ပိန်၍မူးမော်ပြီး မီးယပ်သွေးမမှန်သော အမျိုးသမီးများသည် ကေရာဇ်အညွန့်၊ အရွက်တို့ကို မကြာခဏ အသုပ်ပြုလုပ်၍ စားသုံးပေးခြင်းဖြင့် မီးယပ်သွေးမှန်ပြီး ကျန်းမာစေနိုင်သည်။

၄။ နှလုံးတုန်ရောဂါရှိသူများသည် ကေရာဇ်ပွင့်ကို အခြောက်လှန်းကာ ကံ့ကော်ဝတ်ဆံ၊ ကြာဝတ်ဆံတို့နှင့်အတူ သွေးဆေးတစ်ခုတွင်ထည့်၍ ဖော်စပ်ပြီးသုံးစွဲပါက နှလုံးရောဂါ၊ အမူးရောဂါ၊ ရင်တုန်ရောဂါများ သက်သာစေနိုင်သည်။ တိုင်းရင်းဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးတွင် ကေရာဇ်ပွင့်ကိုရောထည့်၍ ဖော်စပ်သုံးစွဲလျှင် နှလုံး၊ သွေးတိုးရောဂါရှိသူများအတွက် ကုသရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ ကေရာဇ်ပင်သည် အေးခါးသောအရသာရှိသည်။ သွေးကို တက်ကြွစေ၏။ ငြိမ်းလည်း ငြိမ်းစေ၏။ လေကို ငြိမ်စေတတ်၏။ သဘာဝဓမ္မဆေးကျမ်းများအဆိုအရ ကေရာဇ်သည် အပင်တို့၏ ကေ-တစ်ခုတည်းသော၊ ရာဇာ-မင်းဖြစ်သည်။ အပင်တို့၏ ဘုရင်ဖြစ်သည်ဟု အဆိုရှိသည်။ ❖

၅။ ရုတ်တရက်ထိတ်လန့်၍ နှလုံးတုန်၊ ရင်ခုန်ဖြစ်လျှင် ကေရာဇ်မြစ်ကိုသွေးပြီး သကြားနှင့်ရော၍ ရေအေးနှင့် ဖျော်သောက်ပါက ထိတ်လန့်ခြင်းကို သက်သာစေနိုင်သည်။

၆။ အပူကန့်၍ မျက်စိနာလျှင်၊ မျက်စိနီရဲလျှင် ကေရာဇ်ပင်၏အခေါက်ကိုသွေးပြီး မျက်စိကွင်းပေးပါက သက်သာပျောက်ကင်းစေနိုင်ပါသည်။

၇။ ကလေးနှင့် သက်ကြီးရွယ်အိုများ အစာမကြေ၊ ဝမ်းကြောရင်ကြောများ တင်းမာနေပါက ကေရာဇ်မြစ်ကိုသွေးပြီး နှမ်းဆီဖြင့်ရောကာ ဝမ်းဗိုက်တွင်လိမ်း၍အောက်သို့ သပ်ချပေးပါက လေလည်ပြီး ဝမ်းကြောရင်ကြောများတင်းခြင်း သက်သာပျောက်ကင်းစေနိုင်သည်။

၈။ ခရုသင်းရောဂါဖြစ်လျှင် ကေရာဇ်မြစ်အစိုကို ထန်းလျက်နှင့်ရောကျိုသောက်သုံးပေးပါက ခရုသင်းအကွက်များ သက်သာပျောက်ကင်းစေနိုင်သည်။

၉။ အရက်မူးလွန်သူများသည် အမူးပြေစေရန်အတွက် ကေရာဇ်ပင်၏အမြစ် သို့မဟုတ် အခေါက်ကိုသွေးပြီး လျှာတွင်ပွတ်ပေးပါက အရက်မူးပြေစေနိုင်သည်။

၁၀။ အမူးအမောရောဂါရှိသူများသည် အိမ်ရှေ့နှင့်အိမ်အနီးတွင် ကေရာဇ်ပင်များ စိုက်ပျိုးထားပါက လေသင့်တိုင်းကေရာဇ်ရနံ့ရရှိပြီး အမူးအမော်ရောဂါများသက်သာပျောက်ကင်းစေနိုင်သည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ ဥသျှစ်သီးမှည့်သည် ချို၏။ ပူ၏။ အနည်ငယ်စပ်ရှိန်း၍ သလိပ်ကို ယုတ်လျော့စေတတ်၏။ သွေးကို ပွားစေခြင်း၊ လေသလိပ်၊ သည်းခြေနာ၊ အစာမကြေနာနှင့် အပူကို နိုင်၏။ ဝမ်းကို ရှင်စေ၏။ အဖျားကို နှိမ်နင်းနိုင်၏။ ❖

**ဥသျှစ်ပင်**

အင်္ဂလိပ်အမည် - Bael Fruit

မျိုးရင်း - Rutaceae (ရှောက်မျိုးရင်း)

ရုက္ခဗေဒအမည် - Aegle marmelos Correa

**အဓိကဆေးဖက်ဝင်ပုံ**

အစာမကြေခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း၊ ချောင်းဆိုးခြင်း၊ အနာအဖုအပိမ့်များပြည်မပေါက်ခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဆီးချိုရောဂါ၊ ဆီးလွန်ရောဂါ၊ ကိုယ်ဝန်ဆောင်အော့အန်ရောဂါ၊ သွားဖုံးမှသွေးယိုစီးသောရောဂါ၊ ကလေးများ တုတ်၊ သန်ထသောရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အခေါက်၊ အသီး။

**အပင်ပုံသဏ္ဌာန်**

ဥသျှစ်ပင်သည် ပင်လတ်မျိုးဖြစ်၍ အမြင့် ၂၅ ပေခန့်ထိ ရှိသည်။ အခေါက်ကြမ်းပြီး ညိုဖျော့ဖျော့အရောင်ရှိသည်။ အပွေးများအဆင်းလိုက်ရှိသည်။ အကိုင်းအခက်များ ရှုပ်ထွေးပြီး သန်မာသည်။ တစ်လက်မခန့်ရှည်လျားသောဆူးချွန်များ အလှည့်ကျထွက်သည်။

ဥသျှစ်ပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ သုံးရွက်မြွာပေါင်းဖြစ်သည်။ ရွက်မြွာများမှာ ဘဲဥပုံသဏ္ဌာန်ရှည်မျောမျောဖြစ်၍ အရင်းအနည်းငယ်သွယ်ဝိုင်းပြီး အဖျားချွန်သည်။ အလယ်ရွက်မှာ အကြီးဆုံးဖြစ်သည်။ ရွက်ပြားချောပြီး အနားပတ်လည် အဝိုက်ငယ်ကလေးများရှိသည်။ အနံ့သင်း၏။

ဥသျှစ်ပင်၏အပွင့်သည် ကြီးမားပြီးအဖြူရောင်ရှိသည်။ မွှေးသည်။ ကဆုန်လ၊ နယုန်လတို့တွင်ပွင့်သည်။

ဥသျှစ်ပင်၏အသီးသည် စိမ်းဝါရောင်ရှိ၍ လက်သီးဆုပ်ခန့်မှ ကလေးသူငယ်ဦးခေါင်းအရွယ်ခန့်ထိကြီးမားသည်။ လုံးဝိုင်းသောအသီးဖြစ်ပြီး ဦးခေါင်းခွံကဲ့သို့ မာကြောသည်။ အတွင်း၌ လိမ္မော်ရောင်အစေးများဖြင့် ရောယှက်နေသောအစေ့များရှိသည်။ နယုန်လတွင် သီးကင်းများထွက်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ဥသျှစ်သီးမှည့်သည် ချို၏။ ပူ၏။ အနည်ငယ်စပ်ရှိန်း၍ သလိပ်ကို ယုတ်လျော့စေတတ်၏။ သွေးကိုပွားစေခြင်း၊ လေသလိပ်၊ သည်းခြေနာ၊ အစာမကြေနာနှင့် အပူကိုနိုင်၏။ ဝမ်းကို ရှင်စေ၏။ အဖျားကို နှိမ်နင်းနိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အစာမကြေ၊ ဝမ်းပျက်ရောဂါဖြစ်လျှင် ဥသျှစ်သီးအမှည့်ကို အစေ့များမပါအောင် အနှစ်တိုက်ယူပြီး သကြားဖြင့် ဖျော်ရည်ပြုလုပ်တိုက်ကျွေးပါက အစာမကြေ၊ ဝမ်းပျက်ရောဂါပျောက်ကင်းစေနိုင်သည်။

၂။ လေပူထရောဂါရှိသူများသည် ဥသျှစ်သီးအမှည့်ကိုခွဲပြီး အခွံတွင်ကပ်နေသောအမြှေးနှင့်အနှစ်အသားများကို ခြစ်ယူစားသုံးပါက လေပူထခြင်း၊ ကြို့ထိုးခြင်း၊ လေအထက်ဆန်၊ လေအန်ရောဂါများ ပျောက်ကင်းစေနိုင်သည်။

၃။ ဝမ်းပျက်ပြီးနောက် ဝမ်းကိုက်ခြင်း၊ ဝမ်းတွင်သွေးပါခြင်းများဖြစ်ပါက ဥသျှစ်သီးအနှစ်သားကို ထန်းလျက်နှင့်ရော၍ စားသုံးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၄။ သားသည်မိခင်များ နို့မထွက်ပါက ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်လျှင် နို့ထွက်စေနိုင်သည်။

၅။ ညတွင် ဆီးအကြိမ်ကြိမ်ထ၍ သွားရသောသူများသည် ဥသျှစ်သီးကင်းကိုအခြောက်လှန်းပြီး အမှုန့်ထောင်း၍ ဖျားရည်နှင့် ရောစပ်သောက်ပါက ဆီးလွန်ခြင်းမှ သက်သာပျောက်ကင်းစေနိုင်သည်။

၆။ အနာအဖုအပိမ့်များ ပြည်မပေါက်လျှင်၊ ဝက်ခြံပြည်မပေါက်လျှင် ဥသျှစ်သီးအခွံကို သွေးလိမ်းပေးခြင်းဖြင့် ပြည်ပေါက်စေနိုင်သည်။

၇။ ကလေးများ ချဲသလိပ်ထခြင်း၊ အစာမကြေ ဝမ်းပျက်ခြင်းရောဂါများဖြစ်ပါက ဥသျှစ်သီးအမှည့်ကို ကျွေးပေးခြင်း၊ ဖျော်ရည်လုပ်တိုက်ခြင်းဖြင့် ဝမ်းတွင် ချဲသလိပ်များပါပြီး အစာကြေ ရင်ချောင်စေနိုင်သည်။



၈။ ဖျားပြီး ချောင်းဆိုးကျန်နေသူများသည် ဥသျှစ်ရွက်ကို အတို့အမြှုပ်ပြုလုပ်စားခြင်း၊ ဥသျှစ်ရွက်ဟင်းချိုချက်သောက်ခြင်းပြုပါက ချောင်းဆိုးခြင်းမှ သက်သာစေနိုင်သည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၁၃၉ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၁၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။



စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၈၂၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၁၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ရှောက်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## မိုင်းဖြတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် မတ် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တောညှကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၉ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆိုက်ခေါင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုက်ခေါင်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၅ သိန်းစုစုပေါင်းငွေကျပ် ၁၁၀ ဒသမ ၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်မာ**

## တောင်သူကြွယ်မှ ပြည်လုံးလှ

\- ကျွန်ုပ်တို့နေ မြန်မာပြည်တွင်
ထွက်လေရေနံ ကြေးသွပ်သံဟု
သယံဇာတ အဝဝလည်း
ကြွယ်လှပိုင်ရာ တို့မြေချာတည့်။

\- သို့မကလျှင် ပြည်တစ်ခွင်ဝယ်
မြေပြင်ပြန့်ပြော ယာလယ်တောတို့
ပေါများလှစွာ ပိုင်ဆိုင်ရာလည်း
ကြေ ညာ အောက် ထက် ပြည့်စုံလျက်။

\- သို့သော်တစ်မူ များပြည်သူတို့
ပူပင်ဝမ်းရေး ကြောင့်ကြဝေးဖို့
ချင့်တွေးဆန့်ထား နည်းသစ်များဖြင့်
စပါးပြောင်းကြံ စားသီးနှံကို
နိုင်ငံတစ်ခွင် ကုန်အစင်ဝယ်
ယခင်ရှေးထက် ဆတိုးထွက်ဖို့
စက်ယန္တရား ပေါင်းစပ်အားဖြင့်
ကြိုးစားမြှင့်ထူ ဝိုင်းဝန်းကူသော်
တောင်သူဘဝ မြင့်နိုင်စွ
ရိက္ခာပြည့်ဝဖူလုံကြ။

\- ထွန်ယက်စိုက်ပျိုး အမျိုးမျိုးတို့
ဆတိုးထွက်ကြ ရိတ်သိမ်းကြနှင့်
လယ်မှယာမှ နယ်မြို့ပြထိ
တင်ကြပို့ကြ ရောင်းဝယ်ရလျှင်
ငွေစရွှင်ရွှင် ဖြိုင်ဖြိုင်ဝင်လျက်
ပျော်ရွှင်တောင်သူ ပျော်သည်မို့။

\- တောင်သူလယ်သမား ဦးကြီးများသည်
စားရေရိက္ခာ ပြည့်တွက်တာ၌
ဘယ်ခါမဆို ကျေးဇူးပို၏
ကိုယ်ပိုင်အလုပ် ကိုယ်သာလုပ်ဟု
သေးနုပ်အမြင် ဘယ်မထင်မို့
နှစ်စဉ်မတ်လ နှစ်ရက်ကျလျှင်
တွေးဆပီပြင်ညွှန်းဂုဏ်တု
တောင်သူလယ်သမားနေ့ မွမ်းဂုဏ်ပြု။

**ဘိုမျိုး(ရွှေဘို)**

(မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုလျက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

## ယူကရိန်းသို့ အနောက်အုပ်စုတပ်များစေလွှတ်ပါက နျူကလီးယားစစ်ပွဲဖြစ်နိုင်ကြောင်း ပူတင်ပြောကြား

**မော်စကို မတ် ၁**

ယူကရိန်းစစ်မြေပြင်သို့ တပ်များစေလွှတ်မည်ဆိုပါက နျူကလီးယားစစ်ပွဲတစ်ပွဲဖြစ်ပွားနိုင်ခြေရှိကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၂၉ ရက်တွင် အနောက်အုပ်စုနိုင်ငံများကို သတိပေးခဲ့သည်။

ရုရှားလွှတ်တော်၌ ရုရှားစစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်များအား ပြောကြားခဲ့သော နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် သမ္မတပူတင်က ထိုသို့သတိပေးခဲ့ခြင်းဖြစ်သည်။

ယူကရိန်းသို့ တပ်များစေလွှတ်မည်ဆိုလျှင် အနောက်အုပ်စုနိုင်ငံများ၏ နယ်မြေများကို တိုက်ခိုက်နိုင်သည့် လက်နက်များ ရုရှားနိုင်ငံပိုင်ဆိုင်ထားမှုကိုလည်း အနောက်အုပ်စုခေါင်းဆောင်များ ထည့်သွင်းစဉ်းစားထားသင့်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အနောက်အုပ်စုနိုင်ငံများအနေဖြင့် ယူကရိန်းသို့ တပ်များစေလွှတ်မည်ဆိုလျှင် နျူကလီးယားလက်နက်များသုံးစွဲမည့် စစ်ရေးပဋိပက္ခ ပေါ်ထွက်လာနိုင်ကြောင်း သမ္မတပူတင်က ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရုရှား၏ မဟာဗျူဟာမြောက် နျူကလီးယားတပ်များ အသင့်အနေအထားတွင် အပြည့်အဝရှိနေကြောင်း နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းသို့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တပ်များစေလွှတ်ရေးကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ဖေဖော်ဝါရီ ၂၆ ရက်တွင် အကြံပြုခဲ့ရာ ၎င်းအကြံပြုချက်ကို အမေရိကန်၊ ဂျာမနီ၊ ဗြိတိန်နှင့် အခြားနေတိုးနိုင်ငံများက ပယ်ချထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အီရန်၌ လွှတ်တော်ရွေးကောက်ပွဲများ ယနေ့တွင် စတင်ကျင်းပ



**တီဟီရန် မတ် ၁**

အီရန်နိုင်ငံသည် ယနေ့တွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ ပါဝင်မဲပေးသူရာနှုန်း မည်မျှရှိ၊ မရှိကို လေ့လာသူများက စောင့်ကြည့်နေကြောင်း သိရသည်။

ယနေ့ လွှတ်တော်ရွေးကောက်ပွဲတွင် ပြည်သူများ အင်တိုက်အားတိုက် မဲပေးကြရန် အီရန်အစိုးရတာဝန်ရှိသူများနှင့် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက အီရန်ပြည်သူများကို တိုက်တွန်းထားသည်။

အီရန်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာပေါင်း ၂၉၀ အတွက် အမတ်လောင်း ဦးရေ ၁၅၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

လွှတ်တော်ရွေးကောက်ပွဲရလဒ်များမှာ ရွေးကောက်ပွဲပြီးဆုံးပြီး သုံးရက်ကြာအထိ ကြေညာနိုင်ဖွယ်မရှိကြောင်း အီရန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်လွှတ်တော်ရွေးကောက်ပွဲ၌ ပထမဆုံးမဲပေးခဲ့သူများထဲတွင် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီလည်း ပါဝင်ခဲ့သည်။

ယနေ့ အီရန်လွှတ်တော်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၁ သန်းအနက် ၄၁ ရာခိုင်နှုန်းမျှသာ ပါဝင်မဲပေးနိုင်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဟေတီအမျိုးသားရဲတပ်ဖွဲ့ကိုကူညီမည့် နိုင်ငံတကာတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များစေလွှတ်ရန် နိုင်ငံငါးနိုင်ငံက ကုလသမဂ္ဂသို့အသိပေး

**နယူးယောက် မတ် ၁**

လက်နက်ကိုင်ဒုစရိုက်ဂိုဏ်းများကိုရင်ဆိုင်ရာတွင် ဟေတီအမျိုးသားရဲတပ်ဖွဲ့ကိုကူညီမည့် နိုင်ငံတကာတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဘဟားမားစ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘာဘေးဒိုးစ်၊ ဘီနင်နှင့် ချဒ်နိုင်ငံတို့က ကုလသမဂ္ဂကို တရားဝင် အသိပေးထားကြောင်း ဖေဖော်ဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဟေတီ၌ နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ တစ်ဖွဲ့ဖြန့်ကြက်ရေးအစီအစဉ်ကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ဒုစရိုက်ဂိုဏ်းများကိုရင်ဆိုင်ရေးအတွက် နိုင်ငံတကာတပ်စေလွှတ်ပေးရန် ဟေတီအစိုးရကတောင်းဆိုခဲ့ပြီး တစ်နှစ်အကြာတွင် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ဖြန့်ကြက်ရေးအစီအစဉ်ကို ကုလလုံခြုံရေးကောင်စီက အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ ဟေတီ၌ဖြန့်ကြက်မည့် နိုင်ငံတကာတပ်၌ပါဝင်မည့်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ထံ ၎င်းတို့၏ပါဝင်မှုကို အသိပေးရန် လိုအပ်မည်ဖြစ်သည်။

ဟေတီ၌ လုံခြုံရေးတာဝန်ယူမည့် နိုင်ငံတကာတပ်ဖွဲ့အတွက် ဘီနင်နိုင်ငံက တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ ခန့်စေလွှတ်ပေးရန် စီစဉ်ထားသော်လည်း ကျန်နိုင်ငံလေးနိုင်ငံက စေလွှတ်ပေးမည့် တပ်ဖွဲ့ဝင် အရေအတွက်များကို မသိရသေးကြောင်း ကုလတာဝန်ရှိသူများက ပြောကြားထားသည်။

ဟေတီလုံခြုံရေးမစ်ရှင်သည် ကုလသမဂ္ဂကဦးဆောင်သည့် မစ်ရှင်မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံက ဦးဆောင်မည့် ကုလခွင့်ပြုချက်ရ နိုင်ငံတကာ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဒါကာမြို့၌ အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွား ၄၆ ဦး သေဆုံး၍ ၂၂ ဦး ဒဏ်ရာများရရှိ

**ဒါကာ မတ် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အဆောက်အအုံ တစ်လုံးတွင် ဖေဖော်ဝါရီ ၂၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၆ ဦး သေဆုံး၍ ၂၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံသည် ခြောက်ထပ်အဆောက်အအုံဖြစ်ပြီး စားသောက်ဆိုင်များ တည်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမီးလောင်မှုသည် ဒံပေါက်ဆိုင်တစ်ဆိုင်မှစတင်ခဲ့ပြီး အဆောက်အအုံတစ်ခုလုံးကို လျှင်မြန်စွာကူးစက်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများ၏ အဆိုအရ ၎င်းမီးလောင်မှုသည် ဓာတ်ငွေ့ယိုစိမ့်မှု သို့မဟုတ် မီးဖိုမီးကြောင့် စတင်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ခြောက်ထပ် အဆောက်အအုံမီးလောင်မှုကို မီးသတ်သမားအစုအဖွဲ့ ၁၄ စုတို့က ၂ နာရီကြာ အချိန်ယူငြိမ်းသတ်ခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆောက်အအုံသစ် အများအပြားပေါ်ထွက်လာသည့် ဒါကာမြို့၌ အဆောက်အအုံဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများလိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဂါဇာ၌ အကူအညီပစ္စည်းများရယူရန်ကြိုးပမ်းနေသည့် ပါလက်စတိုင်းလူမျိုး ဦးရေ ၁၀၀ ကျော်သေဆုံးခဲ့ပြီး ၂၈၀ ကျော်ဒဏ်ရာများရရှိ

**ဂါဇာစီးတီး မတ် ၁**

အကူအညီများရရှိရန် စောင့်ဆိုင်းနေသော ပါလက်စတိုင်းလူမျိုးများကို အစ္စရေးစစ်ဘက်က ဖေဖော်ဝါရီ ၂၉ ရက်တွင် ပစ်ခတ်ခဲ့ရာ လူဦးရေ ၁၀၀ ကျော်သေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာများ ရရှိခဲ့ကြောင်း ဂါဇာဒေသကျန်းမာရေးတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ဖေဖော်ဝါရီ ၂၉ ရက်တွင် သေဆုံးခဲ့သည့် ပါလက်စတိုင်းများမှာ အကူအညီပစ္စည်းများတင်ဆောင်လာသော ကုန်တင်ယာဉ်များကိုဝိုင်းအုံ၍ ပစ္စည်းများရယူရန် ကြိုးစားစဉ် ယာဉ်တိုက်မှုနှင့်လူပြိုမှုတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာစီးတီးမြို့အနီး ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်အတွင်း ပါလက်စတိုင်းအနည်းဆုံး ဦးရေ ၁၁၂ ဦး သေဆုံး၍ ဦးရေ ၂၈၀ ကျော် ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် သေဆုံးခဲ့ရသည့် ပါလက်စတိုင်းလူမျိုး အရေအတွက်ကြောင့် အစ္စရေးနှင့် ဟားမတ်စ်စစ်ပွဲကာလအတွင်း သေဆုံးခဲ့ရသည့် ပါလက်စတိုင်းလူမျိုး အရေအတွက်မှာ ဦးရေ ၃၀၀၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း ဂါဇာဒေသကျန်းမာရေး တာဝန်ရှိသူများက ပြောကြားသည်။


ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့အကြား စစ်ပွဲစတင်ခဲ့ရသည်။

ဖေဖော်ဝါရီ ၂၉ ရက် ပါလက်စတိုင်းများသေဆုံးမှုကြောင့် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လည်လွှတ်မြောက်ရေးဆွေးနွေးပွဲများ ထိခိုက်သွားနိုင်သည်ဟု ဟားမတ်စ်အုပ်စုက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ T-Flight မြန်နှုန်းမြင့်ရထားသစ်ကို လမ်းတိုပြေးဆွဲစမ်းသပ်ခဲ့ရာ တစ်နာရီလျှင် ၃၈၇ မိုင်နှုန်းထိ မြန်နှုန်းရရှိခဲ့




**ပေကျင်း မတ် ၁**

တရုတ်နိုင်ငံသည် T-Flight အမည်ရှိ မြန်နှုန်းမြင့်ရထားသစ်ကို လမ်းတိုပြေးဆွဲစမ်းသပ်မှုပြုလုပ်ခဲ့ရာ တစ်နာရီလျှင် ၃၈၇ မိုင်နှုန်းထိ မြန်နှုန်းရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

T-Flight ၏ မြန်နှုန်းသည် ကမ္ဘာ့အမြန်ဆုံးမြန်နှုန်းမြင့်ရထားအဖြစ် သတ်မှတ်ခံထားရသော ဂျပန်နိုင်ငံ MLX01 မဂ္ဂလက်ဗ် မြန်နှုန်းမြင့်ရထား၏ အမြန်ဆုံး မောင်းနှင်နိုင်မှုနှုန်းကို ကျော်ဖြတ်ခဲ့ကြောင်း၊ MLX01 မဂ္ဂလက်ဗ် မြန်နှုန်းမြင့်ရထားသည် တစ်နာရီလျှင် ၃၆၀ မိုင်နှုန်းထိ အမြင့်ဆုံး မောင်းနှင်နိုင်ကြောင်း သိရသည်။

လက်တွေ့ပြေးဆွဲမောင်းနှင်ချိန်တွင် T-Flight မြန်နှုန်းမြင့်ရထားကို တစ်နာရီလျှင် ၁၂၄၃ မိုင်နှုန်းထိ မြန်နှုန်းတင်ပြေးဆွဲရန် မျှော်လင့်ထားသည်။

အထက်ပါမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ခဲ့ပါက T-Flight မြန်နှုန်းမြင့်ရထား၏ မြန်နှုန်းသည် ဘိုးရင်းကုမ္ပဏီ၏ ဘိုးရင်း ၇၃၇ လေယာဉ်မြန်နှုန်းထက် နှစ်ဆထိ ပိုများမည်ဖြစ်သည်။

T-Flight မြန်နှုန်းမြင့်ရထားသည် သံလိုက်စက်ကွင်း တွန်းပင့်အား (Maglev) နည်းပညာသုံး မြန်နှုန်းမြင့် ရထားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၁**


အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖေဖော်ဝါရီ ၂၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်း၌ အင်တာနက်ဝန်ဆောင်မှုကွန်ရက် တည်ဆောက်နေသည့် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ပုံမှန်လိုလို လွှတ်တင်လျက်ရှိသည်။

အဆိုပါအင်တာနက်ဝန်ဆောင်မှုကွန်ရက်အတွက် Space-X အာကာသ နည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုစင်းရေ ၅၅၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။




Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရရှိထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာအာကာသစခန်း၏ ရုရှားပင်မကိုယ်ထည်တစ်ခု၌ လေယိုစိမ့်မှုဖြစ်ပွားနေ

**ဝါရှင်တန် မတ် ၁**

နိုင်ငံတကာအာကာသစခန်း၏ ရုရှားပင်မကိုယ်ထည်တစ်ခု၌ လေယိုစိမ့်မှုဖြစ်ပွားနေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဖေဖော်ဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



နိုင်ငံတကာ အာကာသစခန်း လေယိုစိမ့်မှုမှာ ရုရှားနိုင်ငံ၏ ပရိုဂရက်စ် အာကာသကုန်တင်ယာဉ် ဆိုက်ကပ်ထားသည့် ရုရှားပင်မကိုယ်ထည်တွင် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း နာဆာသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အာကာသစခန်းယာဉ် လေယိုစိမ့်မှုပြဿနာကို နာဆာ အာကာသယာဉ်မှူးများနှင့် ရုရှား အာကာသယာဉ်မှူးများ ပူးပေါင်း ပြင်ဆင်နေကြောင်း သိရသည်။

လေယိုစိမ့်မှုပြဿနာကြောင့် လတ်တလောတွင် အာကာသယာဉ်မှူးများအတွက် ဘေးအန္တရာယ်မရှိသေးကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ယခင်ကလည်း နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ခဲ့သည့် ရုရှားအာကာသယာဉ်များတွင် ဓာတ်ငွေ့ယိုစိမ့်မှုများ ဖြစ်ပွားခဲ့ဖူးသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဆိုယုဇ်အမ်အက်စ်- ၂၂ အာကာသလူသယ်ယာဉ်၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း ပရိုဂရက်စ်- ၈၂ အာကာသကုန်တင်ယာဉ်၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် မတ် ၁**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

လယ်ယာလုပ်ငန်းသုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများနှင့်ထိတွေ့ခဲ့ရသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၂၅ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းထိ ပုံမှန်ထက် ပိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ပါကင်ဆန်ရောဂါသည် အာရုံနာ့ဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါပုံစံတစ်မျိုးဖြစ်ပြီး ၎င်းရောဂါခံစားရသူများမှာကိုယ်ခန္ဓာကိုထိန်းချုပ်နိုင်စွမ်းနည်းသည်ထက်နည်းလာတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများနှင့် ပါကင်ဆန်ရောဂါတို့ကြား ဆက်စပ်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် လူပေါင်း ၂၁ ဒသမ ၅ သန်းတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး အများဆုံး သုံးစွဲသော ဒေသများ၌ နေထိုင်သူများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၃၆ ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း သိရသည်။

အထူးသဖြင့် Simanzine၊ Astrazine နှင့် Lindane ခေါ် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများသည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေနှင့်ဆက်စပ်မှုအရှိဆုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ယောဂကျင့်စဉ်က အမျိုးသမီးကြီးများ၏ ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၁**

ယောဂကျင့်စဉ်သည် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသည့် သက်ကြီးပိုင်းအမျိုးသမီးများ၏ ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

ယောဂကျင့်စဉ်သည် စိတ်ဖိအားလျှော့ချရေး၊ ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ရေး၊ ရောင်ရမ်းမှုလျှော့ချရေး၊ ဦးနှောက်နာ့ဗ်ဆဲလ်စနစ်လှုပ်ရှားမှုများ ပြောင်းလဲနိုင်ရေးတို့အတွက် သင့်လျော်သည့်ကျင့်စဉ်ဖြစ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အထက်ပါလေ့လာတွေ့ရှိချက်သည် ယောဂကျင့်စဉ်အနေဖြင့် အယ်ဇိုင်းမားရောဂါဝင်ရောက်မှုကို နှေးကွေးစေနိုင်ခြင်း ရှိ၊ မရှိ သက်သေပြနိုင်မှုမရှိခဲ့ပေ။

သို့ရာတွင် ယောဂကျင့်စဉ်သည် အာရုံနာ့ဗ်ဆဲများ စွမ်းဆောင်ရည်ကျဆင်းမှုပုံစံတချို့ကို တားဆီးထိန်းချုပ်ပေးနိုင်စွမ်းရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားသည့် အသက် ၅၀ အထက် အမျိုးသမီး ၆၀ ကျော်ကိုယောဂကျင့်စဉ်များဖြင့်လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

ML

**ဘန်လေ Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၅ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၂ - ၁ ဘန်လေ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဘုန်းမောက် | – | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(ရှုံး) |

ဘန်လေအသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းနေပေမဲ့ ပွဲကျပ်တွေဆက်တိုက်ကစားခဲ့ရတာကြောင့် ခြေရည်တူအသင်းဖြစ်တဲ့ ဘုန်းမောက်နဲ့တွေ့ချိန်မှာ နိုင်ပွဲရဖို့ကြိုးပမ်းလာမှာပါ။ ဘုန်းမောက်ကလဲ ဆိုလန်ကီဂိုးမသွင်းနိုင်တဲ့နောက်ပိုင်း ရလဒ်ကျဆင်းသွားခဲ့ပြီး ခံစစ်က ပွဲတိုင်းပေးဂိုးရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာပြီး တန်းဆင်းဇုန်ကရုန်းထွက်မဲ့ ဘန်လေကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘန်လေ ၂ – ၁ ဘုန်းမောက်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

ML

**အမ်ပိုလီ Vs ကက်ဂလီယာရီ**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၅ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကက်ဂလီယာရီ ၀ – ၀ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | – | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ကက်ဂလီယာရီ | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

အမ်ပိုလီအသင်းဟာ ခြေစွမ်းပိုင်းထက်မြက်လာတာကြောင့် နောက်ဆုံးခြောက်ပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်က ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ကက်ဂလီယာရီကတော့ အဝေးကွင်းကစားပုံဆိုးရွားနေသလို ခံစစ်ပိုင်းကပွဲတိုင်းပေးဂိုးရှိနေတာကြောင့် အခုပွဲမှာလဲရုန်းကန်ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ အမ်ပိုလီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၁ – ၀ ကက်ဂလီယာရီ**

**အတ္တလန်တာ Vs ဘိုလော့နာ**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၅ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့နာ ၁ – ၀ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဘိုလော့နာ | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

အတ္တလန်တာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အင်တာမီလန်ကို ဂိုးပြတ်ရှုံးခဲ့လို့ အခုပွဲစဉ်မှာ အိမ်ကွင်းအားသာချက်နဲ့ရမှတ်ပြန်ရှာမှာသေချာပါတယ်။ ဘိုလော့နာက နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲဆက်နေပြီး အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အဝေးကွင်းမှာတော့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အတ္တလန်တာပဲ နိုင်ပွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အတ္တလန်တာ ၂ – ၁ ဘိုလော့နာ**

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ကန်ဆယ်လိုကို ယူရို ၁၅ သန်းဖြင့်ခေါ်ယူရန်ဆုံးဖြတ်ထားသော်လည်း ဂျာအိုဗီလစ်၏ပြောင်းရွှေ့ကြေးမှာ ယူရို သန်း ၇၀ ထိရှိသောကြောင့် အသင်းအနေဖြင့် အပြီးသတ်ခေါ်ယူရန် အခက်တွေ့နေကြောင်း သိရသည်။
- တိုက်စစ်မှူးဆာလာဟ်အနေဖြင့် လီဗာပူးအသင်းနှင့် သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုနိုင်ပါက တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်သည် အသင်းမှထွက်ခွာနိုင်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ML

## အဘဲတီကိုအသင်းကိုအနိုင်ယူ၍ ဘီလ်ဘာအိုအသင်း ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတက်ရောက်



**မက်ဒရစ် မတ် ၁**

စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ဘီလ်ဘာအိုအသင်းက အဘဲတီကိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဘီလ်ဘာအို အသင်းသည် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် အဘဲတီကိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင်လည်း သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး ဂိုးမရှိဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး နောက်ဆုံးငါးနှစ်အတွင်း ဗိုလ်လုပွဲစဉ်သို့ သုံးကြိမ်ထိတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘီလ်ဘာအို အသင်းသည် အဘဲတီကိုအသင်းကို တန်ပြန်တိုက်စစ်ဖြင့်သာ တုံ့ပြန်ကစားခဲ့ရာ ပွဲကစားချိန် ၁၃ မိနစ်တွင် အီနာကီဝီလျံကလည်းကောင်း၊ ပွဲချိန် ၄၂ မိနစ်တွင် နစ်ကိုးဝီလျံကလည်းကောင်း၊ပွဲချိန် ၆၁ မိနစ်တွင် တိုက်စစ်မှူး ဂူရူဇီတာကလည်းကောင်း ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ဧည့်သည်အဘဲတီကိုအသင်းက ဂိုးသမားအဂွီရီဇာဘာလာကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ချေပဂိုးရရှိရန်ခက်ခဲခဲ့ပြီး သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် ဘီလ်ဘာအိုအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဆိုစီဒက်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည့် မာယော့ကာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို လာမည့် ဧပြီ ၆ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## လန်ဒန်တစ်နှစ်တာအကောင်းဆုံးဆုများကို နည်းပြ ပိုစတီကိုဂလူ၊ ဒီကလန်ရိုက်နှင့်ပယ်လ်မာတို့ အသီးသီးဆွတ်ခူးရရှိ

**လန်ဒန် မတ် ၁**

လန်ဒန်ကလပ် အသင်းများမှ ရွေးချယ် ချီးမြှင့်ပေးအပ်သည့် လန်ဒန်တစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံးဆုများကို စပါးအသင်းနည်းပြ ပိုစတီကိုဂလူ၊ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်နှင့် ချဲလ်ဆီးအသင်း လူငယ်ကစားသမားပယ်လ်မာတို့က အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

နည်းပြ ပိုစတီကိုဂလူသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကိုရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ကပေးအပ်သည့် တစ်လတာအကောင်းဆုံးဆုကိုလည်း သုံးလဆက်ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် အာဆင်နယ်အသင်း နည်းပြ အာတီတာကိုကျော်ဖြတ်ပြီး ပထမဆုံး ဘောလုံးရာသီ၌ လန်ဒန်တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ဒီကလန်ရိုက်သည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီးနောက် စပါးအသင်းမှ ဆွန်ဟောင်မင်နှင့် အသင်းဖော် အိုဒီဂတ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းလူငယ်ကစားသမားပယ်လ်မာသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အဓိက ကစားသမားအဖြစ်ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အာဆင်နယ်အသင်းမှ လူငယ်ကစားသမားများကိုကျော်ဖြတ်ပြီး လန်ဒန်တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**








## Mexican Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျက်ဒရပ်ပါ တက်ရောက်

**အကာပူလ်ကို မတ် ၁**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့တွင်ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန် တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် ဆားဘီးယားတင်းနစ်ကစားသမားကက်မာနိုဗစ်တို့ ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျက်ဒရပ်ပါက (၆-၂ ၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဂျက်ဒရပ်ပါသည် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် ပြီးဆုံးသွားသည်ထိ အကောင်းဆုံးလက်စွမ်းပြနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ကက်မာနိုဗစ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် လက်ရှိချန်ပီယံ ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနောနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒီမီနောသည် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန် ပစ်မှတ်ထားနေကြောင်း ပြောကြားထားသည့် ကစားသမားတစ်ဦး ဖြစ်သကဲ့သို့ ကွာတားဖိုင်နယ်အဆင့်တွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသော ဂရိအဆင့်(၁)တင်းနစ်ကစားသမား စတီဖာနို့စ်ကို (၁-၆၊ ၆-၃ ၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ဂျက်ဒရပ်ပါက "ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ လက်ရှိချန်ပီယံနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တဲ့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါလိမ့်မယ်။ကွာတားဖိုင်နယ်အဆင့်မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်မျိုးနဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ကစားနိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစား



**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ပြီး ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်မှ ကလပ်အသင်းများ၊ မြန်မာနေရှင်နယ်လိဂ်-၂ မှ ကလပ်အသင်းများနှင့်အပျော်တမ်းလိဂ်မှခြေစစ်ပွဲအောင်မြင်သည့် အသင်းများဖြင့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲများ မစတင်မီကျင်းပခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရိန်းဘိုးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်း လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တက္ကသိုလ်အားကစားကွင်းတွင် University အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ပဒုမ္မာအားကစာကွင်းတွင် Glory Goal အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MNL League Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် မတ် ၂ ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်း၊ ဒဂုံပေါ့အသင်းနှင့်ဒဂုံစတားယူနိုက်တက်အသင်း၊ ISPE အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့်မြဝတီအက်ဖ်စီအသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ဘာစီလိုနာအသင်းက နည်းပြသစ်ခန့်အပ်ရန် အခက်အခဲများကြောင့် နည်းပြဇာဗီကို အသင်းအားဆက်လက်တာဝန်ယူရန်တောင်းဆို

**မက်ဒရစ် မတ် ၁**

ဘာစီလိုနာအသင်းက နည်းပြသစ်ခန့်အပ်ရန် အခက်အခဲများရှိနေသည့်အတွက် လက်ရှိနည်းပြဇာဗီကို အသင်းအားဆက်လက်တာဝန်ယူ ကိုင်တွယ်ပေးရန်အတွက် အသင်းဥက္ကဋ္ဌ လာပေါ်တာက တောင်းဆိုခဲ့ကြောင်း သိရသည်။


အသက် ၄၄ နှစ်ရှိ နည်းပြဇာဗီသည် ဘာစီလိုနာအသင်းကို ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်ဒုတိယဘောလုံးရာသီတွင်ပင် စပိန်လာလီဂါ ချန်ပီယံဆု ဆွတ်ခူးနိုင်သည်ထိ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

သို့သော် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်ခဲ့ပြီး စပိန်စူပါဖလား ဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ စပိန်ကိုပါဒယ်ရေးဖလား ပြိုင်ပွဲတွင်လည်း ဘီလ်ဘာအိုအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့်အပြင် ဗီလာရီးရဲလ်အသင်းကို အိမ်ကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဝေဖန်မှုများမြင့်တက်လာခဲ့သည့်အတွက် နည်းပြဇာဗီက ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက နည်းပြဇာဗီအသင်းမှ ထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း အသင်းဘဏ္ဍာရေးအခက်အခဲများရှိသဖြင့် နည်းပြသစ်ခန့်အပ်ရန် ခက်ခဲသည့်အခြေအနေများကြောင့် လာပေါ်တာက နည်းပြဇာဗီကို လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၅ ခုနှစ်ထိ ဆက်လက်တာဝန်ယူပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ဂျော်ဂျင်ဟိုအား စာချုပ်သက်တမ်းတိုးရန်အသင့်ရှိကြောင်း အာဆင်နယ်အသင်းထုတ်ပြန်



**လန်ဒန် မတ် ၁**

အာဆင်နယ် အသင်းသည် အသင်းနှင့် လာမည့်ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးရန် အသင့်ရှိကြောင်း ထုတ်ပြန်ခဲ့ပြီး ကစားသမားနှင့် ညှိနှိုင်းမှုပြုလုပ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၄၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသရန် ရုန်းကန်နေရသောကြောင့် နည်းပြအာတီတာက ပုံမှန်ပွဲကစားခွင့်မပေးဘဲ အရန်စာရင်းတွင်သာ ထည့်သွင်းအသုံးပြုခဲ့သည်။

အသက် ၃၂ နှစ်ရှိ ကစားသမားအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက အီတလီစီးရီးအေသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိနေသော်လည်း အာဆင်နယ်အသင်းက ကစားသမားနှင့် သဘောတူစာချုပ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိနေသောကြောင့် ဂျော်ဂျင်ဟိုကိုလက်လွှတ်မခံဘဲ ကာလတိုစာချုပ် ထပ်မံချုပ်ဆိုရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

နည်းပြအာတီတာ အနေဖြင့် အသက်အရွယ်ရလာသည့် ဂျော်ဂျင်ဟိုကို ပုံမှန်ပွဲထွက်ခွင့်ပေးရန် အခက်အခဲရှိသော်လည်း ၎င်းသည် အရေးကြီးသည့် ပြိုင်ပွဲများတွင် အသင်းအတွက် အကျိုးပြုနိုင်သည့် ကစားသမား တစ်ဦးဖြစ်သည့်အတွက် လာမည့်ဇွန်လတွင် အလွတ်ပြောင်းရွှေ့ခွင့်မပြုနိုင်ဘဲ စာချုပ်ပါ သဘောတူညီချက်အရ တစ်နှစ်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျော်ဂျင်ဟိုကို အီတလီအသင်းများဖြစ်သည့် လာဇီယိုအသင်းနှင့် ဂျူဗင်တပ်အသင်းတို့က အပြိုင်ကမ်းလှမ်းမှုများပြုလုပ်နေသကဲ့သို့ ရိုးမားအသင်း၊ နာပိုလီအသင်းနှင့် အေစီမီလန်အသင်းတို့ကလည်း စိတ်ဝင်စားနေသောကြောင့် အာဆင်နယ်အသင်းက သက်တမ်းမတိုးနိုင်ပါက စီးရီးအေသို့ပြောင်းရွှေ့ရန် သေချာလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# စပိန်လာလီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

STA

**ဗီလာရီးရဲလ်** Vs **ဂရန်နာဒါ**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂရန်နာဒါ ၂ - ၃ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| ဂရန်နာဒါ | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဗီလာရီးရဲလ်အသင်းဟာ အိမ်ကွင်းမှာ ဂရန်နာဒါအသင်းကို ဖိအားပေးနိုင်မှာပါ။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဂရန်နာဒါအသင်းကလဲ ခြေစွမ်းပိုင်းတိုးတက်မလာဘဲ ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါကြောင့် ဗီလာရီးရဲလ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီလာရီးရဲလ် ၂ - ၁ ဂရန်နာဒါ**

**အေတီကို** Vs **ဘက်တစ်**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၀ - ၀ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | - | ဝေး(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဘက်တစ် | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ အေတီကိုအသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ဘက်တစ်အသင်းက အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံတည်ငြိမ်ပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ အေတီကိုအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - အေတီကို ၂ - ၀ ဘက်တစ်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

STA

**ကိုလုံး** Vs **လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၃ - ၀ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(သရေ) |
| လေဗာကူဆင် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားတဲ့ လေဗာကူဆင်အသင်းရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ကိုလုံးအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ထိပုံစံကောင်းပျောက်ဆုံးနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ကိုလုံး ၀ - ၂ လေဗာကူဆင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

STA

**ဘရက်** Vs **လီဟာဗေး**

**ကစားမည့်ရက်/အချိန် ၃-၃-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဟာဗေး ၁ - ၂ ဘရက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| လီဟာဗေး | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပါ မျှော်လင့်ချက်ရှိနေတဲ့ ဘရက်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ လီဟာဗေးအသင်းကတော့ သုံးပွဲဆက်ရှုံးပွဲတွေ့ထားပြီး အခုအဝေးကွင်းမှာလဲ ရုန်းကန်ရမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘရက်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရက် ၂ - ၀ လီဟာဗေး**

# လယ်ယာစီးပွား မြင့်မားတိုးတက်ကြပါစေ

မန္တလာကိုကိုဝင်း

မြန်မာစကားပုံမှာ "တစ်လုပ်စားဖူး သူ့ကျေးဇူး"လို့ ရှိပါတယ်။ ထမင်းလေးတစ်လုပ်မျှ စားလိုက်ရသည် မှာပင် ကျေးဇူးရှင်အဖြစ် သတ်မှတ်လေ့ရှိကြပါတယ်။ ကျွန်တော်တို့လူသားတွေ နေ့စဉ်နဲ့အမျှ ထမင်း တစ်လုပ်မက စားနေကြရပါတယ်။ ဒီလိုစားသောက် နိုင်ဖို့အတွက် လုပ်ကိုင်ပေးတဲ့ တောင်သူလယ်သမား ဦးကြီးတွေဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေပါပဲ။ ဒါကြောင့် ကျေးဇူးရှင် တောင်သူလယ်သမားတွေလို့ ခေတ်အဆက်ဆက် ခေါ်ဝေါ်သုံးနှုန်းခဲ့တာဖြစ်ပါ တယ်။ ဒီနေရာမှာ တချို့က မတူညီတဲ့အမြင်နဲ့ လူတိုင်းက ပိုက်ဆံနဲ့ဝယ်စားရတာပဲ ကျေးဇူးတင် စရာမလိုဘူး ဆိုပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေ ထွန်ယက်စိုက်ပျိုးလို့ စပါးကနေ ဆန်ဖြစ် လာလို့ ကျွန်တော်တို့စားသုံးနိုင်ကြတာပါ။ စိုက်ပျိုးမဲ့ သူမရှိရင် စားစရာဘယ်မှာရှိနိုင်ပါ့မလဲ။

၂၀၂၄ ခုနှစ် မတ်လ ၂ ရက်နေ့ဟာ တောင်သူ လယ်သမားနေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံး မှာရှိတဲ့ တောင်သူလယ်သမားတွေကို အထူးအလေး ထားဂုဏ်ပြုတဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ပြည်သူတွေ စားရေရိက္ခာဖူလုံဖို့နဲ့ နိုင်ငံတော်ရဲ့စီးပွား ရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကစွမ်းအားရှင် ဟာ တောင်သူလယ်သမားကြီးတွေပဲ ဖြစ်ပါတယ်။ နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကို နိုင်ငံတော်အစိုးရကအထူးအလေးထား ဖော်ဆောင်ပေးနေပါတယ်။ စိုက်ပျိုးရေးနဲ့မွေးမြူ ရေးဟာ နိုင်ငံတော်အတွက် မရှိမဖြစ်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်နေရာမှာ စီးပွားရေးဦးတည်ချက်အဖြစ် "တိုင်းပြည်သာယာ ဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး"ဆိုတဲ့ အချက်တစ်ချက်ချမှတ်ဆောင်ရွက်နေပါ တယ်။ စားရေရိက္ခာဖူလုံရေးကိုဆောင်ရွက်ပြီး ပြည်ပ သို့ ပိုမိုတင်ပို့နိုင်ရေးကိုလဲ ဆောင်ရွက်ကြရပါမယ်။

မိမိတို့ထုတ်လုပ်တဲ့ လယ်ယာထွက်ပစ္စည်းတွေဟာ အရည်အသွေးနဲ့ အထွက်နှုန်းပိုမိုကောင်းမွန်တဲ့ ဆန် စပါးတွေဖြစ်အောင် ကြိုးပမ်းကြရပါမယ်။ နိုင်ငံတော် အစိုးရအနေနဲ့ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိတဲ့ အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်ရဲ့ ဦးစား ပေး ပို့ကုန်အမည်တွေမှာ ဆန်နဲ့ဆန်ထွက်ပစ္စည်း ကဏ္ဍဟာ ဦးစားပေးကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာမျှော်မှန်း ချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဝင်ငွေ တိုးတက်လာစေရေးဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့ဆိုရာမှာ တောင်သူလယ်သမားကြီးတွေ အနေနဲ့ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရ မယ်ဆိုတဲ့အတိုင်း လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းတွေကို အဓိကထားလုပ်ဆောင်ကြပါ တယ်။ ဆန်စပါးအပြင် ပဲ၊ ပြောင်း၊ ဝါ၊ ဆီထွက်သီးနှံ တွေစိုက်ပျိုးကြတာမို့ အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ တောင်သူလယ်သမား ဦးကြီးတွေရဲ့ လူမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော် အပိုင်းက ပံ့ပိုးမှုတွေပြုလုပ်နေသလို တောင်သူလယ် သမားကြီးတွေဘက်ကလဲ ဥစ္စာရှင်လို ဥစ္စာရင်ခဲ ဆိုသလို ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တက်ညီလက်ညီ လုပ်ဆောင်ကြမယ်ဆိုရင် ဘယ် လုပ်ငန်းမဆို အောင်မြင်မှာပါ။ နိုင်ငံတိုင်းမှာ လူဦးရေ တိုးပွားလာတာနဲ့အတူ စားရေရိက္ခာလိုအပ်မှုဟာလဲ ကြီးမားလာနေပါတယ်။ ဒါကြောင့် တောင်သူလယ် သမားဦးကြီးတွေအနေနဲ့ ဒေသတွင်းစားရေရိက္ခာဖူလုံ ရေးသာမကဘဲ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ဖို့နဲ့ နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်လာစေဖို့ လယ်ယာမြေတွေကို အခြားနည်းနဲ့သုံးစွဲခြင်းမျိုးကို ရှောင်ကြဉ်ကြရမှာဖြစ် ပါတယ်။ စိုက်ဧကတွေတိုးချဲ့ပြီး သီးနှံတွေ တစ်ဧက အထွက်နှုန်းတိုးတက်ရေးကို အလေးထားလုပ်ဆောင် ကြရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားကြီးတွေအနေနဲ့ တစ်ဧက အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်မယ်ဆိုရင် အဓိကအချက်တွေဖြစ်တဲ့ မျိုးကောင်းမျိုးသန့်ရရှိ အောင် ဆောင်ရွက်ရပါမယ်။ မျိုးစေ့မမှန် ပင်မသန် သီးနှံ့ငုံကင်း အသီးဖျင်း၏ ဆိုစကားအတိုင်း မျိုးကောင်းမျိုးသန့်ဟာ အလွန်ပဲအရေးကြီးလှပါတယ်။ ဆန်ချင်းတူလျှင်သော်မှ ပေါ်ဆန်းမွေးကိုလူကြိုက် များနေတာ မျိုးကောင်းမျိုးသန့်ဖြစ်နေလို့ပါပဲ။ အဲဒီထက်ပိုကောင်းအောင် စိုက်ပျိုးနိုင်လေလေ ဈေးကောင်းရလေလေဖြစ်ပါတယ်။ တောင်သူလယ် သမားဦးကြီးတွေရဲ့ လုပ်ငန်းအတွက် သွင်းအားစု တွေကို ဈေးနှုန်းသက်သာစွာဝယ်ယူရရှိဖို့လိုအပ်ပါ တယ်။ ဈေးနှုန်းသက်သာဖို့ဆိုရင် အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ တောင်သူလယ်သမားတွေအားလုံး ပူးပေါင်းဆောင် ရွက်သွားကြရမှာဖြစ်ပါတယ်။

❖ နိုင်ငံတော်အနေနဲ့ စီးပွားရေးမူဝါဒတွေ ခိုင်မာစွာချမှတ်ပြီး စိုက်ပျိုးရေး လုပ်ငန်းတွေ ပိုမိုကျယ်ပြန့်စွာလုပ်ကိုင်ရေး၊ ကုန်ထုတ်စွမ်းအားတွေ မြင့်မားလာ စေရေး၊ တောင်သူတွေဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံပြီး အာဟာရ ပြည့်ဝတဲ့ စားနပ်ရိက္ခာတွေထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံနဲ့ ဥပဒေ၊ နည်း ဥပဒေအကာအကွယ်များစွာနဲ့ ပံ့ပိုးကူညီပေးနေပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေဖြစ်တဲ့ ဈေးကွက်သုတေသန၊ စိုက်ပျိုးရေးသုတေသန၊ မွေးမြူရေးသုတေသန၊ စက်မှုသုတေသန၊ နည်းပညာသုတေသန၊ ပညာရေး သုတေသနလုပ်ငန်းတွေကို အထူးအားပေးနေပါတယ်။ ❖

မျိုးကောင်းမျိုးသန့် သွင်းအားစုပြီးရင် စိုက်ပျိုးရေ ရရှိရေးပါပဲ။ စိုက်ပျိုးရေရဖို့ဆိုရင် နိုင်ငံတော်အစိုးရ အနေနဲ့ နည်းလမ်းမျိုးစုံ ဆောင်ရွက်ပေးနေပါ တယ်။ ဆည်မြောင်း ကန်ချောင်းနဲ့မြစ်ရေတင်စီမံကိန်း တွေကနေတစ်ဆင့် ရေရရှိအောင်ဆောင်ရွက်ပေးနေ သလို ရရှိလာတဲ့ရေကို ထိရောက်စွာအသုံးပြုနိုင်ဖို့နဲ့ အလေအလွင့်မရှိဖို့ သတိထားဆောင်ရွက်ကြရမှာဖြစ် ပါတယ်။ မိုးရွာတုန်းရေခံဆိုသလိုပါပဲ မုတ်သုံရာသီ မှာ မိုးရွာသွန်းမှုများပြားတဲ့အတွက် ဖြစ်နိုင်ရင်မိုးရေ တွေကို စုဆောင်းထားခြင်းဟာလဲ တောင်သူလယ် သမားကြီးတွေအတွက် ကောင်းကျိုးဖြစ်စေပါတယ်။ စားရေရိက္ခာဖူလုံရေးနဲ့ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေ ရေးမှာ မရှိမဖြစ်တာကတော့ နည်းပညာဖြစ်ပါတယ်။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကိုကူးပြောင်း နိုင်ရေးကြိုးပမ်းနေရာမှာ နည်းပညာအထောက်အကူ ရရှိဖို့ကလဲ အဓိကဖြစ်ပါတယ်။

စပါးအထွက်နှုန်းတိုးတက်ဖို့ဆိုရင် သိပ္ပံနည်းကျ စိုက်နည်းစနစ်နဲ့ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုး တာတွေလုပ်ဆောင်ရပါမယ်။ နိုင်ငံတော်အစိုးရကနေ သုတေသနပြုလုပ်ထားတဲ့ နည်းပညာတွေနဲ့စိုက်ပျိုး မှုတွေပြုလုပ်ရပါမယ်။ ဧက ၁၀၀ စံပြကွက်တွေ စိုက်ပျိုးနေတာတွေဟာ တောင်သူလယ်သမားကြီး တွေရဲ့ လူမှုဘဝကိုမြင့်မားစေမှာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနဲ့တိုင်း ဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ် ၁၅ မြို့နယ်မှာ ဧက ၁၅၀၀ လျာထားဆောင်ရွက်ခဲ့ရာမှာ ဧက ၁၆၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်ဧကမှာ ပျမ်းမျှ ၁၁၅ ဒသမ ၇၆ တင်းထွက်ရှိအောင် ဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။ စပါးအထွက်နှုန်းတွေ တစ်ဧကချင်း အလိုက် အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်မယ် ဆိုရင် ပြည်တွင်းဆန် ဖူလုံမှုလုံလောက်တဲ့အပြင် ပြည်ပကိုတင်ပို့ရောင်းချနိုင်မှာဖြစ်လို့ တောင်သူလယ် သမားကြီးတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ စီးပွားရေးအခြေအနေကောင်းတွေဖန်တီး နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ စီးပွားရေးမူဝါဒ တွေ ခိုင်မာစွာချမှတ်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွေ ပိုမို ကျယ်ပြန့်စွာလုပ်ကိုင်ရေး၊ ကုန်ထုတ်စွမ်းအားတွေ မြင့်မားလာစေရေး၊ တောင်သူတွေဝင်ငွေတိုးတက်ရရှိ စေရေး၊ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝတဲ့ စားနပ်ရိက္ခာတွေ ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံ နဲ့ ဥပဒေ၊ နည်းဥပဒေ အကာအကွယ်များစွာနဲ့ ပံ့ပိုးကူညီပေးနေပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ သုတေ သနလုပ်ငန်းတွေဖြစ်တဲ့ ဈေးကွက်သုတေသန၊ စိုက်ပျိုး ရေးသုတေသန၊ မွေးမြူရေးသုတေသန၊ စက်မှုသုတေ သန၊ နည်းပညာသုတေသန၊ ပညာရေးသုတေသန လုပ်ငန်းတွေကို အထူးအားပေးနေပါတယ်။

တောင်သူလယ်သမားဦးကြီးတွေ ဝင်ငွေတိုးတက် ရရှိရေး၊ နိုင်ငံတကာဈေးကွက်မှာ ထိုးဖောက်တင်ပို့ နိုင်ရေးကိစ္စတွေဟာ လယ်ယာစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါလှပြီး စိုက်ပျိုးရေးသုံး ခေတ်မီနည်းပညာတွေ နဲ့ ထုပ်ပိုးတာ၊ သိုလှောင်တာ၊ တင်ပို့တာ အဆင့်ဆင့် တိုးတက်လာမယ်ဆိုရင် အလေအလွင့်နည်းပါးပြီး အကျိုးအမြတ်တွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်။

တောင်သူလယ်သမားတွေနဲ့ ပတ်သက်လာရင် နိုင်ငံတော်က အထူးအလေးအနက်ထားကာ ဆောင် ရွက်နေပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၃ တွင် "နိုင်ငံတော်သည် တောင်သူလယ်သမားများ၏(က) အခွင့်အရေး များကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေ များ ပြဋ္ဌာန်းဆောင်ရွက်မည်။ (ခ) စိုက်ပျိုးထုတ်လုပ် သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိ ရန်ကူညီဆောင်ရွက်မည်"ဟူ၍ ပြဋ္ဌာန်းထားပါတယ်။

ကမ္ဘာ့နိုင်ငံတချို့မှာရှိကြတဲ့ လူသားတွေမှာ အစား အစာလိုအပ်ချက်တွေ များစွာရှိနေပါတယ်။ ထင်ထင်ရှားရှားဖြစ်ပွားနေတဲ့ အစွဲရေးနဲ့ပါလက်စတိုင်း ပဋိပက္ခတွေကြောင့် လူသန်းပေါင်းများစွာဟာ အာဟာရ လိုအပ်နေပါတယ်။ အလားတူဖြစ်ပွားနေ တဲ့နိုင်ငံတိုင်းမှာလဲ စားရေရိက္ခာလိုအပ်ချက်မြင့်မား နေပါတယ်။ ဒါဟာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ဆောင်သူတွေအတွက် ဈေးကွက်တွေပဲဖြစ်ပါ တယ်။ တောင်သူလယ်သမားဦးကြီးတွေအနေနဲ့ မိမိ တို့ လုပ်ဆောင်နေတဲ့လုပ်ငန်းတွေကို ပိုမိုအောင်မြင် အောင်၊ ပိုမိုတိုးတက်အောင် လုပ်ဆောင်မယ်ဆိုရင် ဈေးကွက်ဆိုတာ ရှိပြီးသားဖြစ်ပါတယ်။

စာရေးသူက တောင်သူလယ်သမားလို့ သုံးနှုန်းတာ ဟာ မြန်မာနိုင်ငံအတွင်းမှာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူအားလုံးကို ဦးတည်တာဖြစ်ပါတယ်။ လယ်ယာကိုင်းကျွန်း လုပ်ဆောင်သူတွေအနေနဲ့ လဲ ပြည်တွင်းစားသုံးမှုဖူလုံစေဖို့ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေသူတွေဖြစ်ပါ တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် နေရာဒေသ မရွေးစိုက်ပျိုးနိုင်တဲ့ နေကြာသီးနှံတွေ များစွာစိုက်ပျိုး ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၂၃ ခုနှစ် က နေကြာသီးနှံစိုက်ဧက ၁ ဒသမ ၅ သန်းထိ တိုးချဲ့ စိုက်ပျိုးရေးကို အကောင်အထည်ဖော်ခဲ့ပါတယ်။ နေကြာစိုက်တောင်သူတွေအတွက် နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံနဲ့ နေကြာစိုက်ပျိုးရာသီတွေမှာ နေကြာမျိုးစေ့နဲ့သွင်းအား စုတွေ အချိန်မီပံ့ပိုးထုတ်ပေးနိုင်ဖို့ ဆောင်ရွက် နေပါတယ်။ ပြည်တွင်းစားသုံးဆီဖူလုံအောင် လုပ် ဆောင်နိုင်မယ်ဆိုရင် ပြည်ပကနေ စားသုံးဆီတင်သွင်း မှုလျော့နည်းလာမှာ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ပြည်ပကတင်သွင်းဖို့ မလိုအပ်တဲ့ထိဖြစ်လာမှာဖြစ်ပါ တယ်။ ဒါကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုမြှင့်တင်ရေး ကို ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အလားတူ ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧက အထွက်နှုန်းတိုးတက် ရေးကိုလဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်ပကနေ ချည်တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် လေးနှစ်တာ ကာလအတွင်း ဧကနှစ်သိန်းပြည့်မီအောင် စိုက်ပျိုး ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ ဝါတစ်ဧက အထွက် နှုန်း ပိဿာ ၇၀၀ နဲ့အထက် လျာထားချက်ပြည့်မီ စေဖို့နဲ့ အရည်အသွေးကောင်းဝါနဲ့ ဝါဂွမ်းတွေ ရရှိရေး ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိကာလသတ် မှတ်ပြီး ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးစီမံကိန်း ကို ဆောင်ရွက်နေပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးစီမံကိန်းတွေအဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီ စံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ လူထုဗဟိုပြုစီမံ ကိန်းနဲ့ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင် ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက် ပေးနေပါတယ်။ ဒါ့ပြင် တောင်သူလယ်သမားတွေ စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေ ရရှိရေးအတွက် လဲ မျိုးစေ့ထုတ်အသင်းအဖွဲ့တွေ၊ မျိုးစေ့ထုတ် သမ ဝါယမအသင်းတွေ၊ မျိုးစေ့ထုတ်လယ်သမားအသင်း တွေ၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း တွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ကိုလဲ စီမံဆောင်ရွက်ပေးနေပါတယ်။

ကျေးဇူးရှင် တောင်သူလယ်သမားကြီးတွေအနေ နဲ့ သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝ လှတဲ့ မိမိတို့နိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာမဲ့ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး လိုက်လျောညီထွေတဲ့နည်းပညာတွေနဲ့ ပေါင်းစပ်စိုက်ပျိုးမှုတွေပြုလုပ်ကာ တောင်သူလယ် သမားကြီးတွေရဲ့ ပေါင်းစည်းအင်အားနဲ့ လယ်ယာ ကဏ္ဍအပါအဝင် နိုင်ငံတော်ရဲ့အမျိုးသားရေး အကျိုး စီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် တင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အနှစ်ချုပ် ဆိုရင် ဘယ်လိုအခက်အခဲတွေရှိနေပါစေ အဲဒီအခက် အခဲတွေကို အောင်မြင်စွာကျော်လွှားပြီး မိမိတို့ရဲ့ လူမှုစီးပွားမြင့်မားရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို ကြိုးပမ်းလုပ်ဆောင်ကြဖို့ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ပါတယ်။

**ကိုးကား**

- ၂-၃-၂၀၂၃ ထုတ် မြဝတီသတင်းစာ

# အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ဇာတ်လမ်းတွဲကို fortune tv Application မှ ထုတ်လွှင့်ပြသပေးသွားမည်



**ရန်ကုန် မတ် ၁**

အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ဇာတ်လမ်းတွဲကို fortune tv Application မှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲ၏ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ဇာတ်လမ်းတွဲကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်)က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက အောင်မြတ်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ထူးဆန်းတဲ့ မှန်တစ်ချပ်ရဲ့ နောက်ကွယ်က ဇာတ်လမ်းနဲ့ လက်ရှိရင်ဆိုင်နေရတဲ့ ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေကို မြင်ရမှာပါ။ fortune tv ရုပ်သံလိုင်းမှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလလောက်က ဇာတ်လမ်းတွဲအနေနဲ့ ထုတ်လွှင့်ပြသပေးခဲ့ပြီးပါပြီ။ ပရိသတ်အားပေးကြတဲ့အတွက် အချိန်မရွေး၊ နေရာမရွေး မိမိဖုန်းကနေတစ်ဆင့် ကြည့်ရှုနိုင်အောင် fortune tv Application ရုပ်သံလိုင်းကနေ မတ်လပထမပတ်ထဲမှာ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ နန်းဆုဦး၊ ယွန်းရွှေရည်၊ အောင်ခိုင်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Hamilton ပြဇာတ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးရန် ဒါရိုက်တာများ ဆန္ဒရှိနေ

**နယူးယောက် မတ် ၁**

Hamilton အမည်ရှိ ဘရော့ဝေးပြဇာတ်တစ်ပုဒ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးရိုက်ကူးရန် ဒါရိုက်တာများ ဆန္ဒရှိနေကြောင်း ဖေဖော်ဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

Hamilton ပြဇာတ်သည် အမေရိကန်သီချင်းရေးဆရာရုပ်ရှင်သရုပ်ဆောင် လင်မန်နူရယ်မီရန်ဒါ ဖန်တီးထားသည့် ပြဇာတ်ဖြစ်သည်။


Hamilton ပြဇာတ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲဖန်တီးရန်ဆန္ဒရှိကြောင်း ဒါရိုက်တာ ဆာမန်သာဂျေးနီးနှင့် အာတူရိုပီးရက်ဂျူနီယာတို့က မီဒီယာများသို့ ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဒါရိုက်တာ ဆာမန်သာဂျေးနီးနှင့် အာတူရိုပီးရက်ဂျူနီယာတို့သည် ယခုနှစ် ရုပ်ရှင်ဈေးကွက်၌ အောင်မြင်မှုရရှိထားသော Mean Girls ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာများဖြစ်ကြပြီး အဆိုပါပြဇာတ်သည် အမေရိကန်နိုင်ငံကို တည်ထောင်ခဲ့သည့် အလက်ဇန်းဒါးဟာမီတန်၏ဘဝကို အခြေခံထားသည့် ပြဇာတ်တစ်ပုဒ်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် စတင်ကပြခဲ့သည့် Hamilton ပြဇာတ်သည် တိုနီဆုပေါင်း ၁၂ ဆုထိ ရရှိခဲ့သော ပြဇာတ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျွဲသားအမိရုပ် ၅၀ ခန့် ဝင်ရောက်လာ

**ပဲခူး မတ် ၁**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် ကျွဲသားအမိရုပ် ၅၀ ခန့် ဝင်ရောက်လာကြောင်း ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရွှေယမင်းမြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

အဆိုပါ ကျွဲသားအမိရုပ်များသည် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ထုလုပ်ထားပြီး ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ ရင်းတိုက်သားနဲ့ ထုလုပ်ထားတဲ့ ကျွဲသားအမိရုပ်တွေ ဈေးကွက်ထဲ ဝင်လာပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး ဒါးပိန်ပန်းပုရွာကနေ ဝင်လာတာဖြစ်ပါတယ်။ မန္တလေးနဲ့ မော်လမြိုင်ဈေးကွက်ကိုလဲ တင်ပို့တယ်လို့ပြောတယ်။ ပဲခူးဈေးကွက် အခြေအနေကတော့ ရွှေမော်ဓော ဘုရားကြီးဈေး၊ ရွှေသာလျောင်းပန်းပုတန်းနဲ့ ကမ္ဘောဇသာဒီနန်းတော်က ဈေးတန်းတွေမှာ ပုံမှန်ရောင်းအားရှိပါတယ်။ ဘုရားဖူးတွေများတဲ့ ပိတ်ရက်တွေမှာတော့ ဈေးအသင့်အတင့်ရှိတဲ့ ပန်းပုရုပ်တွေ အရောင်းအဝယ်ဖြစ်ပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။



လက်တလော ဈေးကွက်အတွင်းသို့ ဝင်ရောက်ထားသည့် အမြင့် ခြောက်လက်မ၊ အလျား ကိုးလက်မ၊ ၃ သုံးလက်မ အရွယ်အစားရှိ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် ကျွဲသားအမိရုပ်ဈေးနှုန်းမှာ ငွေကျပ် ၁၆၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ASH

# The Naked Gun ဇာတ်ကားသစ် ၂၀၂၅ ခုနှစ်တွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် မတ် ၁**

ပြန်လည်ဆန်းသစ်ရိုက်ကူးထားသော The Naked Gun ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ရုံတင်ပြသရန် Paramountကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

The Naked Gun ဇာတ်ကားသစ်တွင် အဓိကဇာတ်ကောင်ရဲစုံထောက် ဖရင့်ဒရီဘင်အဖြစ် မင်းသား လီအမ်နီဆင် ပါဝင်သရုပ်ဆောင်ထားသည်။

မူလ The Naked Gun ဇာတ်ကားတွင်မူ ဖရင့်ဒရီဘင်နေရာ၌ ကွယ်လွန်သူဂန္ထဝင် ဟာသမင်းသားကြီး လက်စလီနီအယ်ဆင်က သရုပ်ဆောင်ခဲ့သည်။

ပြန်လည်ဆန်းသစ်ထားသည့် The Naked Gun ဇာတ်ကားသစ်ကို ဒါရိုက်တာအကီဗာရက်ဖာက တာဝန်ယူ ရိုက်ကူးပေးထားသည်။

မူလ The Naked Gun (1988) ကို Paramount+အွန်လိုင်းရုပ်ရှင်လိုင်းက ထုတ်လွှင့်ပြသလျက်ရှိသည်။

ပြန်လည်ဆန်းသစ် ရိုက်ကူးထားသည့် The Naked Gun ဇာတ်ကား ရုံတင်ပြသချိန်သည် Ballerina နှင့် How To Train Your Dragon ဇာတ်ကားများ ရုံတင်ချိန်နှင့် တိုက်ဆိုင်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် 1st Solo Exhibition ပန်းချီပြပွဲ ကျင်းပပြုလုပ်မည်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် 1st Solo Exhibition ပန်းချီပြပွဲကို မတ် ၂ ရက်မှ မတ် ၆ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲစီစဉ်သူ ပန်းချီမောင်မောင်က ပြောပြ၍ သိရသည်။

1st Solo Exhibition ပန်းချီပြပွဲတွင် ပန်းချီ မောင်မောင် ဖန်တီးရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကား ၆၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"1st Solo Exhibition ပြပွဲကတော့ ကျွန်တော်စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို ပြသမှာဖြစ်သလို ပန်းချီကားအားလုံးဟာ ပြပွဲအတွက် ရည်ရွယ်ပြီးတော့ အသစ်ရေးဆွဲထားတာတွေဖြစ်ပါတယ်။ ပန်းချီတစ်ကားစုတ်ချက်တိုင်းရဲ့နောက်ကွယ်မှာ ဇာတ်လမ်းတစ်ပုဒ်ရှိနေသလို စကားပြောနေတဲ့ မျက်လုံးတွေ၊ သဘာဝတရားရဲ့အလှအပတွေကို ဖော်ကျူးထားပါတယ်။ မတ် ၂ ရက်ကနေ မတ် ၆ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြဖို့ ဖိတ်ကြားပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု အဆိုပါပန်းချီပြပွဲစီစဉ်သူ ပန်းချီ မောင်မောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the Peasants' Day 2 March 2024

**Esteemed peasants,**

Now is an occasion of a historically significant day honouring the farmers who engage in agriculture and livestock farms across the nation. I extend my greetings to all with best wishes for all peasants to have physical and mental well-being with the capacity to double the agriculture and livestock tasks and enjoy socioeconomic development.

In implementing the five-point roadmap, the State Administration Council is initiating short-term and long-term plans by adopting three economic objectives in order to ensure the prosperity of the State: food security, all-round development of the economic sector and promotion of export volume.

Peasants have to grow primary crops such as paddy and oil crops, including groundnut, sesame and sunflower, and industrial crops such as cotton, sugarcane and coffee, in addition to pulses, beans and maize, among other crops, to meet the earmarked sown acreage. I want to urge them to strive to meet the target production of all crops through the use of quality strains of crops, proper soil preparations, smart supply of water, correct agricultural techniques, and the growth of double crops.

In order to ensure food security and promote the export sector, annual plans are adopted for relevant crops, and encouragement is being given to boost the per-acre yield of primary crops. As peasants have placed 17 million acres of paddy, 10.57 million acres of pulses and beans, 8.24 million acres of oil crops, 1.6 million acres of corn and 0.52 million acres of cotton in the 2023-24 financial year, I would like to express my gratitude to relevant departments and peasants for their concerted efforts.

At present, people consume more cooking oil than necessary, and some of them are suffering from health problems. On the other hand, the import volume of cooking oil increases due to local demand. Consuming just the necessary volume of cooking oil can contribute much to the improvement of health conditions as well as the reduction of spending on foreign currency. As such, it is necessary to strive to increase the production of oil crops. The government is making the utmost efforts for the cultivation of oil crops on set acres of croplands to secure the target production for cooking oil at home.

The government is implementing plans to reduce the import volume of thread and textile products and meet the target cultivation of 800,000 acres of long-staple cotton grown in the past five years with the expansion of sown acreage in order to increase the per-acre yield of cotton for export purpose as well as supplying the domestic demand. If surplus, cotton can be exported. Moreover, as the government sets a plan to produce 700 viss per acre of quality cotton, farmers have to follow the implementation of the government's plan. As coffee production is a sure long-term agricultural business in the global market, I would like to invite interested persons and ethnic entrepreneurs capable of investing in the coffee farming industry. The government earmarked the initial cultivation of 100,000 acres of coffee with more plans to grow 300,000 acres of coffee crops and one million acres of crops in the future.

Currently, the government manages the production of seeds in the entire nation entirely using quality strains of crops while organizing the seed show since 2019 to broaden the scope of peasants.

Likewise, the government initiates management for the use of machinery in farmland preparations and harvesting and winnowing in the agriculture sector, systematic reclamation of farmlands in order to utilize agricultural equipment at full capacity, sell various agricultural machinery items at different levels of the workplace and transform the manual to the mechanized farming through modern techniques.

The Ministry of Energy and the Ministry of Agriculture, Livestock and Irrigation cooperate in selling urea fertilizers to peasants at reduced prices. Moreover, arrangements are being made to disseminate knowledge about the combined use of fertilizer and natural fertilizers and the production and use of natural fertilizers in relevant areas for boosting the per-acre yield of crops and to mark concerted efforts among the government, private businesspersons and associations in sell inputs at fair prices with the contribution of the State economic promotion fund.

Currently, crops throughout the world face loss and damage before harvest time due to the climate change process, and it is necessary to consider how to overcome the challenges of food shortage and how to enhance response power against the challenges due to aforesaid events. The government has enacted laws and bylaws to protect the rights of peasants and raise their interests by paying particular attention to the storage of reserve seeds, making preparations, and re-growing crops in the damaged areas.

On the other hand, peasants have to change the cultivation of crops suitable for the regions and use short-term matured crops with the least water requirement in order to efficiently use water in conformity with the changing climate. As such, the government raises peasant awareness and demonstrations to use modern irrigated facilities to save water in cultivation and change the cultivation of crops with the least requirement of water.

The government has built 246 dams, 144 reservoirs, 72 lakes, 199 sluice gates, and 219 water pumping stations, totalling 880, to solve the shortage of water as well as irrigating more than 3.1 million acres of crops. Moreover, the government carries out sinking 25,513 tube wells as underground water tapping, temporary damming creeks to supply water with the use of solar pumping systems, building anti-saltwater dykes and embankments for prevention of flooding in deltaic areas close to the sea and entering salt water in order to supply sufficient agricultural water and prevention of flooding. Hence, I would like to urge all peasants to use water efficiently and minimize the waste of water.

Peasants have to apply ways of boosting the per-acre yield of crops and emphasize the cultivation of crops in double and mixed-cropping patterns to increase the sown acreage of crops. Moreover, it is necessary to leverage the application of good agricultural practices and organic crop cultivation.

Farmers' Channel of MRTV and Myanmar Radio broadcast general knowledge about agricultural techniques, including modern agricultural methods, climate, market and agrarian information in order to improve the cultivation and production of crops, whereas newspapers, journals, periodicals and farming business publications are being published as well as agricultural techniques are being shared through mobile phone for farmers to be able to accumulate agrarian information.

The capital revolving fund of the State economic promotion fund contributes to the implementation of the monsoon project and oil crop project this year in addition to the green gram and summer paddy project last year. In order to develop agriculture and livestock sectors, eight states, six regions, and six self-administered zones and divisions have been provided the capital through the State economic promotion fund for booming agriculture, livestock and related businesses.

An emphasis is being placed on initiating artificial insemination processes in order to propagate pedigree cows, distribute pedigree cows by operating quality cow species research farms, educate local farmers for managing livestock and production to follow Good Animal Husbandry Practices (GAHP), vaccinate cattle and control animal diseases with treatment, establish livestock breeding zones and implement dairy cow farming industries through the State economic promotion fund.

It is necessary to successfully breed cows and buffaloes in order to produce dairy products to ensure local sufficiency. A plan is underway to establish the Veterinary Science School in May 2024 so as to turn out skilled professionals for enhancement of the livestock breeding sector.

In the livestock sector, the State economic promotion fund contributed to the implementation of the agriculture and livestock emerald green project, and the capital revolving fund supported the livestock farms.

The capital revolving fund contributes to the emerald green village (fishery sector) project for rural development. In this regard, some 90 per cent of production met the domestic fish demand, and the remaining 10 per cent of fish products were exported to earn foreign exchange.

The government assists in the collection of fish species suitable for regions, climate and market demand, non-depletion of fish species, an increase of fish production, production and releasing of fingerlings into natural water for ensuring sustainability of pedigree fish species, testing quality of water and soil of fish farms, undertaking of health and disease control, issuance of recommendations for fingerling health conditions. As such, fish farmers need to follow Good Aquacultural Practices (GAqPs).

In conclusion, if agricultural and livestock farms of peasants who are composed of rural people, accounting for 70 per cent of the population of Myanmar, are successful, all people will have improvement in their basic daily needs and socioeconomic lives. As the country can ensure food security at home as well as earn increased income in the export of products to global countries, I want to urge all in the agriculture and livestock sectors to work in concert with diligence, perseverance and good morale to boost the State economy.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Ngwe Taung Beach in Hainggyikyun draws 35,455 local visitors during January


Some visitors being spotted on the Ngwe Taung beach.

**Ngaputaw March 1**

Up to 35,455 local travellers visited Ngwe Taung Beach near Tinchaung Village, Hainggyikyun town, Ngaputaw Township in Ayeyawady Region, during January, said Daw Ni Ni Mar, in-charge of Ngaputaw Township Tourism Association.

Up to 34,255 tourists visited local travellers visited Ngwe Taung Beach in December 2023, and 35,455 local travellers visited the beach within a month in this year.

"With the arrival of the open season, the number of visitors is increasing. In January, there were many local travellers from Yangon and Nay Pyi Taw. There were most visitors during school holidays and office holidays. There are still many people visiting. After the upcoming university entrance exams, it is expected that there will be more travellers during the summer school holidays than now. We are providing systematic service to visitors," she said.

Most of the travellers who visited Ngwe Taung Beach in January were from Yangon Region.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyapon Township residents ship 85,000 visses of dried fish to Yangon in January

**Pyapon March 1**


Up to 85,000 visses of dried sea fish were shipped from Pyapon Township, Pyapon District, Ayeyawady Region, to Yangon in January, said Daw Win Win Maw, the owner of dried fish wholesale center in Pyapon Township.

Up to 54,000 visses of dried fish were sold from Pyapon Township to Yangon in December 2023, and in January, 2024, 85,000 visses of dried fish were shipped to Yangon. They are dried Spanish mackerel, dried rays, dried climbing perch, and dried garfish.

"Dried sea fish from the region are systematically produced and sold mainly to the Yangon market. The dried sea fish are being bought by local consumers. In January, 85,000 visses of dried fish were sold. Currently, the sale of dried fish has a good demand in February," she said.

The prices of the dried fish are 27,500 kyats per viss for dried garfish, 55,000 kyats per viss for dried Spanish mackerel, 55,000 kyats per viss for climbing perch and 44,000 kyats per viss for dried rays.

KKL


Dried fish seen before being packed.

# More than 16,000 acres of pulses and beans cultivated in Homalin Township this winter

**Homalin March 1**

The statistics of Homalin Township Agriculture Department stated that Homalin Township of Hopmain District in Sagaing Region has completed cultivation of 16,311 acres of pulses and beans this winter.

In winter of 2023-24 financial year, Homalin Township earmarked cultivation of 14,234 acres of pulses and beans. Local farmers started cultivation of crops in October 2023, and so far, they have cultivated 16,311 acres of pulses and beans.

Head of Homalin Township Agriculture Department Daw Su Su Htwe said, "A plan is underway to grow more than 15,000 acres of pulses and beans in Homalin Township this cold season. So far, more than 16,000 acres of croplands have been placed under pulses and beans. Staff members of the township agriculture department help local farmers grow quality strains of pulses and beans and prevent pests."

This year, Homalin Township grew 514 acres of black bean, 318 acres of green gram, 590 acres of chick pea, 7,371 acres of kidney bean and 7,526 acres of other beans, totalling 16,311.

In 2023-24 winter, Homalin Township planned to grow 350 acres of black bean, 128 acres of green gram, 515 acres of chick pea, 9,497 acres of kidney bean and 4,744 acres of other beans, totalling 15,234.

This year, the Township Agriculture Department raises farmer awareness for using quality strains of beans suitable for the region, correct agricultural techniques, prevention of pests, systematic use of fertilizer, and high per-acre yield of crops.

In cold season of 2022-23 FY, Homalin Township cultivated 15,234 acres of vegetables from October to December 2022.

206

# Cultivation of more than 4,000 acres of vegetables finishes in Kawlin District

**Kawlin March 1**

The statistics of Kawlin District Agriculture Department stated that a total of 4,524 acres of croplands have been placed under vegetable patches in Kawlin District of Sagaing Region this winter.

Local farmers started cultivation of vegetables on 34,525 acres of croplands in October last year, against the target of 6,152 acres in the district in 2023-24 financial year.

"This year, we targeted cultivation of more than 6,000 acres of vegetable plantations in Kawlin District. So far, local farmers have grown more than 4,300 acres. They grow mustard, chilli, spicy, potato, cabbage, eggplant, reddish and cauliflower. Our department educates the farmers to use GAP system in cultivation of any vegetable plants and urges them to take care of minimizing chemical residue in order to be healthy of the people," said Head of the District Agriculture Department U Win Thein.

So far, Kawlin Township has grown 1,042 acres of vegetables, Wuntho Township 1,063 acres and Pinlebu Township 2,409 acres, totalling 4,524.

In winter of 2023-24 financial year, Kawlin Township earmarked cultivation of 1,705 acres of vegetables, Wuntho Township 3,145 acres and Pinlebu Township 1,302 acres, totalling 6,152 acres.

Staff members of relevant agriculture department conduct training on cultivation of crops in GAP system, grow crops to be healthy and expand the sown acreage of crops.

In 2023-24 monsoon, Kawlin District earmarked cultivation of 2,659 acres of vegetables. Starting from May 2023 to September local farmers grew 894 acres in Kawlin Township, 1,420 acres in Wuntho Township and 561 acres in Pinlebu Township.

206

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားနိုင်ငံက Stupor တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့




ရုရှားနိုင်ငံသည် ဒရုန်းများကိုနည်းလမ်းများစွာဖြင့် တစ်ပြိုင်နက် ရှာဖွေ၊ ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၊ တိုက်ဖျက်နှိမ်နင်းနိုင်သည့် ပြည့်စုံသော Stupor တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကိုတီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် LLC Stupor ကုမ္ပဏီ၏ ဒါရိုက်တာ VladislavKustarev က Sputnik သတင်းဌာနသို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတော် ပြည်အစောင့်တပ်ဖွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားအထူးတပ်ဖွဲ့များမှ အော်ပရေတာများ၊ တပ်ဖွဲ့ဝင်များနှင့် ဒရုန်းအထူးကျွမ်းကျင်သူများ၏ အဓိကလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ပေါင်းစည်းထောက်လှမ်းမှုဆိုင်ရာစနစ်များအပေါ် အခြေခံကာဖွဲ့စည်းထားသော Stupor တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ခုကို တီထွင်ခဲ့သည်။ ရေဒါ၊ ရေဒီယိုကြိမ်နှုန်းဖတ်စက်၊ Optical Drone ထောက်လှမ်းရေးဌာနနှင့် အတားအဆီးနှောင့်ယှက်ဖျက်ဆီးမှုလှိုင်းများကြားဝင်စွက်ဖက်မှုကို စီစစ်ခွဲခြားဖော်ထုတ်ခြင်း၊ တည်နေရာယောင်ပြလှည့်စားခြင်းစသည့် အခြေအနေများအတွက် တန်ပြန်လုပ်ဆောင်နိုင်မည့် အစီအမံများကဲ့သို့သော စက်ပစ္စည်းကိရိယာများ ဖြစ်ကြသည်ဟု ဒါရိုက်တာ Vladislav Kustarev က ထည့်သွင်းပြောကြားခဲ့သည်။

Stupor တိုက်ဖျက်ရေးစနစ်ထုတ်လုပ်သူများသည် မတူညီသောအခြေခံမှုများကို ၎င်းတို့၏ ကိုယ်ပိုင်ဆော့ဖ်ဝဲအကူအညီဖြင့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွင်းသို့ ပေါင်းစပ်လုပ်ဆောင်နိုင်မည့် စက်ပစ္စည်းကိရိယာများကို အသုံးပြုထားကြောင်း Vladislav Kustarev က ရှင်းပြခဲ့သည်။

ထိုသို့ပေါင်းစည်းထားသော စနစ်ဖွဲ့စည်းပုံသည် ယုံကြည်စိတ်ချရမှုမြင့်မားပြီး မှားယွင်းသောသတိပေးတပ်လှန့်မှုအကြိမ်အရေအတွက် လျော့နည်းစေလာမည်ဖြစ်ကြောင်း သိရသည်။

Artificial Intelligence ဆော့ဖ်ဝဲထည့်သွင်းအသုံးပြုထားမှုသည် အော်ပရေတာမပါဘဲ Stupor စနစ်ကို တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေမည်။ ဒရုန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဖုန်းသို့မဟုတ် တက်ဘလက်သို့တိုက်ရိုက်ပေးပို့ပေးနိုင်မည့်အပြင် Stupor စနစ်နှင့်အတူလုပ်ဆောင်မည့် အခြားထုတ်လုပ်သူများ၏ စက်ပစ္စည်းကိရိယာများဖြင့် ပေါင်းစပ်လုပ်ဆောင်နိုင်သည်ဟု Kustarev က ပြောကြားခဲ့သည်။

အဆိုပါ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို အသုံးပြုခြင်းသည် ယနေ့ခေတ်တွင် မရှိမဖြစ်လိုအပ်ကြောင်း၊ အကြောင်းမှာ အထူးစစ်ဆင်ရေးအတွင်း မြေပြင်အဖြစ်မှန်များတွင် ရုရှားအလယ်ပိုင်းရှိ အခြေခံအဆောက်အအုံနှင့်စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို ယူကရိန်းစစ်ဘက်က ဒရုန်းများသုံး၍ သီတင်းပတ်တိုင်း ဝင်ရောက်တိုက်ခိုက်နေခြင်းဖြစ်ကာ ၎င်းတို့ကို ဈေးကြီးသောလေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် တုံ့ပြန်ပစ်ချရန်မှာ အမြဲတမ်းမသင့်လျော်ကြောင်း Kustarev က မှတ်ချက်ပြုခဲ့သည်။

"လောင်စာဆီနဲ့ စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံတွေမှာ ဝင်ရောက်တိုက်ခိုက်လာနိုင်တဲ့ ရန်သူ့ဒရုန်းတွေကို ထောက်လှမ်းပြီး တန်ပြန်ဖို့အထိုင်ချစနစ်တွေတပ်ဆင်ထားပြီးသားပါ။ တကယ်တော့ ဒရုန်းတွေရဲ့ တိုက်ခိုက်မှုအများစုဟာ ကောင်းကင်ယံမှာ ပျံသန်းနေတဲ့ အရာဝတ္ထုတွေကို လူသားမျက်စိနဲ့မြင်ဖို့ ပိုခက်ခဲတတ်တဲ့ညဘက်တွေမှာ ဖြစ်ပွားလေ့ရှိပါတယ်" ဟု Kustarev က ပြောကြားခဲ့သည်။

Stupor တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်၏နည်းပညာဆိုင်ရာ ဝိသေသလက္ခဏာများနှင့်ပတ်သက်၍ ပြောကြားရာတွင် စနစ်တွင်ပါဝင်သော Shtorm နှင့် Shtil အာရုံခံစနစ်တို့သည် ပစ်မှတ်ကို ငါးကီလိုမီတာကျော် အကွာအဝေးတွင် ထောက်လှမ်းဖမ်းယူနိုင်စွမ်းရှိကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ရုရှားနိုင်ငံထုတ် Stupor တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တွင် ဒရုန်းရန်ကာကွယ်ရန် ဒရုန်း၏ဆက်သွယ်ရေးနှင့်ထိန်းချုပ်မှုကိုအနှောင့်အယှက်ဖြစ်စေမည့် ရေဒီယိုကြိမ်နှုန်းဖိဖျက်စက် Jammers သို့မဟုတ် ဂြိုဟ်တုအချက်ပြတည်နေရာလှည့်စားသည့် ကိရိယာများကဲ့သို့သော ဒရုန်းတိုက်ဖျက်ရေးစနစ်များကို အသုံးပြုခြင်းအပါအဝင် နည်းပညာ၊ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ဖျက်ဆီးခြင်း နည်းစနစ်နှင့် မဟာဗျူဟာမြောက် ထောက်လှမ်းရေးအစီအမံများ ပေါင်းစပ်ပါဝင်ကြောင်း တွေ့ရသည်။

**Russia Creates 'Stupor' Comprehensive Defense System to Counter Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက လက်ဘနွန်နိုင်ငံအတွင်းပိုင်းထိ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်

လက်ဘနွန်နိုင်ငံက အစ္စရေးနိုင်ငံဒရုန်းကိုပစ်ချခံခဲ့ရပြီးနောက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်အစောပိုင်းတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF)က လက်ဘနွန်နိုင်ငံအတွင်းပိုင်းထိ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်နိုင်ငံကြား အပြန်အလှန်ပစ်ခတ်မှုများဖြင့် တင်းမာမှုများမြင့်တက်နေချိန်တွင် အစ္စရေးသည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မြောက်ဘက်ရှိ ဟစ်ဇ်ဘိုလာတည်နေရာများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို လက်ဘနွန်နိုင်ငံ ပြည်သူ့စစ်ကလည်း ရော့ကတ်များပြန်လည်ပစ်ခတ်၍ လက်တုံ့ပြန်ခဲ့ကြောင်း သိရသည်။

အစ္စရေးသည် လက်ဘနွန်နိုင်ငံ၏ အရှေ့မြောက်ဘက် Bekaa တောင်ကြားတစ်ဝိုက်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့တပ်စွဲရာနေရာများကို လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြို့တော်ဘေရွတ်၏ အရှေ့မြောက်ဘက် ၃၅ မိုင်အကွာရှိ ဘူဒေးရွာကိုတိုက်ခိုက်မှု သုံးကြိမ်ပြုလုပ်ခံခဲ့ရပြီး ဟစ်ဇ်ဘိုလာတို့အသုံးပြုသည့် ထရပ်ကားကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အမည်မဖော်လိုသည့် လက်ဘနွန်လုံခြုံရေးသတင်းရင်းမြစ်များက နိုင်ငံတကာသတင်းဌာနများသို့ ပြောကြားခဲ့သည်။

တိုက်ခိုက်မှုအတွင်း အနည်းဆုံး ဟစ်ဇ်ဘိုလာအဖွဲ့မှ တိုက်ခိုက်ရေးသမားနှစ်ဦးသေဆုံးခဲ့ပြီး လက်ဘနွန်စစ်ဘက်မှ စစ်သည်တစ်ဦးနှင့် ၎င်း၏သားဖြစ်သူ ဒဏ်ရာအပြင်းအထန်ရခဲ့ကြောင်း၊ အရပ်သားများအသုံးပြုသည့် ရိက္ခာသိုလှောင်ရုံဂိုဒေါင်တစ်ခုကို အစ္စရေးတို့၏ ပစ်လွှတ်တိုက်ခိုက်လာသည့် ခဲယမ်းများထိမှန်ခဲ့ကြောင်းဖော်ပြထားပြီး အသေးစိတ်အချက်အလက်များကို မသိရှိရပေ။

အစ္စရေးတို့သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသတွင် တပ်စွဲထားသော အစ္စရေးကြည်းတပ် ကွပ်ကဲမှုဌာနချုပ်ကို လက်ဘနွန်နိုင်ငံ ပြည်သူ့စစ်အဖွဲ့က Katyusha ရော့ကတ်အစင်း ၆၀ ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေး၏ ဒရုန်းတစ်စင်းသည် ပြည်သူ့စစ်အဖွဲ့၏ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ဖြင့် ပစ်ချခံရကြောင်း ဟစ်ဇ်ဘိုလာနှင့် IDF နှစ်ဖက်စလုံးက အတည်ပြုထုတ်ပြန်ခဲ့ပြီးနောက် Buday ရွာ၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစ္စရေးတို့၏ ဒရုန်းသည် လက်ဘနွန်ပိုင်နက်နယ်မြေအတွင်းသို့ ပျက်ကျခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။



ဟစ်ဇ်ဘိုလာအဖွဲ့က အဆိုပါဒရုန်းကို အစ္စရေးထုတ် Elbit Hermes 450 အမျိုးအစားအဖြစ်သတ်မှတ်ခဲ့ပြီး ပုံမှန်အားဖြင့် ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းအတွက် အသုံးပြုလေ့ရှိသည့် ဒရုန်းလည်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဂါဇာစစ်ပွဲစတင်ကတည်းက လက်ဘနွန်လက်နက်ကိုင်အဖွဲ့များနှင့် အစ္စရေးတပ်ဖွဲ့များကြား နယ်စပ်ဖြတ်ကျော် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားခဲ့သော်လည်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က မကြာသေးမီရက်သတ္တပတ်များအတွင်း ပြုလုပ်လာသော စစ်ဆင်ရေးများသည် လက်ဘနွန်နိုင်ငံပိုင်နက် နယ်မြေအတွင်းသို့ ပိုမိုနက်ရှိုင်းစွာ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးမှသာ အစ္စရေးနိုင်ငံအပေါ် ၎င်းတို့၏တိုက်ခိုက်မှုများကို ရပ်တန့်သွားမည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားခဲ့သည်။

ယခုနောက်ဆုံးလေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမား ၂၀၀ ကျော် သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းများအရ သိရသည်။

**Israel strikes deep inside Lebanon ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၆၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံဧက ၇၆၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၃၆၄ ဧကထိ စိုက်ပျိုးပြီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်ရေးနည်းလမ်းတွေဆောင်ရွက်ပေးတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၂၅၅ ဧက၊ ပဲတီစိမ်း ၃၇၁ ဧက၊ ပဲပုပ် ၂၉၈ ဧက၊ ကုလားပဲ ဧက ၃၃၀၊ ပဲကြီး ၁၀၇ ဧက၊ ပဲကျား ၉၂ ဧက၊ စားတော်ပဲ ၄၇၁ ဧက၊ မြေထောက်ပဲ ၂၁၃၅ ဧက၊ အခြားပဲ ၂၃၀၅ ဧက စုစုပေါင်း ၆၃၆၄ ဧကဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မတ်ပဲ ၂၅၅ ဧက၊ ပဲတီစိမ်း ၃၇၁ ဧက၊ ပဲပုပ် ၃၆၃ ဧက၊ ကုလားပဲ ဧက ၃၈၀၊ ပဲကြီး ၁၁၄ ဧက၊ ပဲကျား ၁၀၂ ဧက၊ စားတော်ပဲ ဧက ၆၆၀၊ မြေထောက်ပဲ၂၁၃၅ ဧက၊ အခြားပဲ ၃၂၂၂ ဧက စုစုပေါင်း ၇၆၀၂ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် ပဲမျိုးစုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# နတ်တလင်းမြို့နယ် သဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်တလင်း မတ် ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သဲကုန်းကျေးရွာ၌ ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းမြတ်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၇၈ ဒသမ ၅၆ သန်းဖြင့် သဲကုန်းကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



နတ်တလင်းမြို့နယ် သဲကုန်းကျေးရွာအဝင် လမ်းအရှည် ၄ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အကျယ် ၂၄ ပေ၊ အရှည် ငါးပေရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို နတ်တလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် Big Bigger Biggest ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပြီး ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပေါ်ဈေးကွက်သို့ လျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တောင်ကြီးမြို့နယ် ကျောင်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေး

**တောင်ကြီး မတ် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ကျောင်းတောကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်သီဂီနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၂၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက ကျောင်းတောကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူ ၁၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

ပြ **သဝဏ်လွှာမှအဆက်**

ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံများအနက် အဓိကသီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ပဲမျိုးစုံ၊ ပြောင်း စသည့်သီးနှံများကို သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးသွားကြရန်လိုပါသည်။ ထို့ပြင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ရေးသည် လွန်စွာအရေးပါကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက်နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အဓိကကျသော သီးနှံအထွက်နှုန်းတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယနေ့ထိ စပါးဧက ၁၇ သန်း၊ ပဲမျိုးစုံဧက ၁၀ ဒသမ ၅၇ သန်း၊ ဆီထွက်သီးနှံဧက ၈ ဒသမ ၂၄ သန်း၊ အစေ့ထုတ်ပြောင်း ဧက ၁ ဒသမ ၆ သန်းနှင့်ဝါသီးနှံဧက သုည ဒသမ ၅၂သန်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် တောင်သူလယ်သမားကြီးများကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လက်ရှိအချိန်တွင် စားသုံးဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးနေကြသဖြင့် ပြည်သူအချို့မှာ ကျန်းမာရေးအရ ထိခိုက်မှုများရှိနေသကဲ့သို့ တစ်ဖက်မှာလည်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ စားသုံးဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီထွက်သီးနှံများမှထုတ်လုပ်သော စားသုံးဆီဖြင့် လုံလောက်စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေးကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစွာထုတ်လုပ်နိုင်ရန် ဆီထွက်သီးနှံများ ဧကပြည့်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ချည်နှင့် ချည်ထွက်ပစ္စည်း တင်သွင်းမှုလျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ခြင်းနှင့် စိုက်ဧကတိုးချဲ့ပြီး ငါးနှစ်တာကာလအတွင်း မူလစိုက်ခဲ့ကြသည့် ဧက ရှစ်သိန်းပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိရာ ဝါတစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့် ဝါဂွမ်းများ ရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် သေချာသည့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်း တစ်ခုဖြစ်သည့်အတွက် စိတ်ပါဝင်စားသူများ၊ အရင်းအနှီးတတ်နိုင်သည့် တိုင်းရင်းသားများအနေဖြင့် ရင်းနှီးလုပ်ကိုင်နိုင်ရန်ဖိတ်ခေါ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကနဦးဧက တစ်သိန်းစိုက်ပျိုးရန်လျာထားပါသည်။ ဆက်လက်၍ ဧကသုံးသိန်းအထိနှင့် နောင်တွင် ဧက တစ်သန်းအထိ စိုက်ပျိုးနိုင်ရေး မျှော်မှန်းဆောင်ရွက်နေပါသည်။

သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးနိုင်ရေးအတွက် မိမိတို့နိုင်ငံအတွင်းတွင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသော မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စက်ကိရိယာများအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများလုပ်ငန်းခွင်အဆင့်တိုင်း စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံအတွင်း စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ယူရီးယားဓာတ်မြေဩဇာများကို တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်သုံးစွဲရေး ပညာပေးခြင်း၊ သဘာဝမြေဩဇာများ ဒေသအလိုက်ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းပညာဖြန့်ဝေပေးခြင်း၊ သွင်းအားစုဈေးနှုန်းများ သက်သာစွာဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ စိုက်ပျိုးထားသောသီးနှံများ ရိတ်သိမ်းချိန်မတိုင်မီ ထိခိုက်ပျက်စီးမှုများရှိနေပြီး အဆိုပါဖြစ်စဉ်များကြောင့် စားရေရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန်လိုပါသည်။ နိုင်ငံတော်ကလည်း အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားပြီး အထူးအလေးထား အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်မှာလည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ် မူတည်၍ ဒေသနှင့်ကိုက်ညီသောသီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း စသည့် ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်ရန် ရေလှောင်တမံပေါင်း ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်းအခု ၈၈၀ ဆောင်ရွက်ပေးထားပြီး စိုက်ဧက ၃၁ သိန်းကျော်ကို အကျိုးပြုလျက်ရှိပါသည်။ မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်း ၂၅၁၃ ခု တူးဖော်ခြင်း၊ ယာယီချောင်းပိတ်တမံများပြုလုပ်ပြီး ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ခြင်း၊ ပင်လယ်နှင့်ထိစပ်လျက်ရှိသော ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသော ဒေသများတွင် ရေကြီးနစ်မြုပ်မှု၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာများ တည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေကိုထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

တောင်သူလယ်သမားကြီးများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရေးအတွက် အထွက်နှုန်းတိုးရေး နည်းလမ်းများဖြင့်ဆောင်ရွက်သည့်အပြင် စိုက်ဧကတိုးတက်စေရန် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းကိုပါ ဆောင်ရွက်ကြရပါမည်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတု၊ ဈေးကွက်နှင့် လယ်ယာကဏ္ဍဆိုင်ရာသတင်းအချက်အလက်များကို **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"**၊ မြန်မာ့အသံရေဒီယိုမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်"** ဖြင့် ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းစာစောင်များ ထုတ်ဝေပေးခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဖြန့်ဝေပေးခြင်း စသည်တို့ဖြင့် တောင်သူလယ်သမားများအားလုံး လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် ယခင်နှစ်က ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းကိုလည်းကောင်း၊ ယခုနှစ်တွင် မိုးစပါးနှင့် ဆီထွက်သီးနှံစီမံကိန်းကိုလည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ် ရှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ တိုင်းဒေသကြီး ခရိုက်ခုကိုလည်းကောင်း၊ တိုင်းဒေသကြီး ခရိုက်ခုကိုလည်းကောင်း အရင်းအနှီးများ မတည်ထောက်ပံ့ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများတည်ထောင်ပြီး မျိုးဖြန့်ဖြူးပေးခြင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ရန်စီမံခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများကို ပြည်တွင်း၌ ဖူလုံအောင်ထုတ်လုပ်သွားရန်လိုအပ်ပါသည်။ မွေးမြူရေးကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန် တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်းကို အင်းစိန်၌ ၂၀၂၄ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

အသားကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကိုလည်းကောင်း၊ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။


ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးရေး မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက်

**စာမျက်နှာ ၁၉ သို့**

**မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်. . .**

**ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အခြားသောကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများတိုးတက်ရရှိလာပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သော အခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ပိုင်းဝန်းလုပ်ဆောင်. . .**





ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှ သံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီတို့ကို ဖူးမြော်ကြည်ညိုလေ့လာကြစဉ်။



○ ဘုရားဖူးမှအဆက်

ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများကိုလည်းကောင်း ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့ပြင် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု



မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ မုစလိန္ဒအိုင်နှင့် အခြား သာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် သံဃာတော်များနှင့် ဥပဒေအရာရှိများ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ကြားသိ



ခဲ့ရပါသည်-

"ဘုန်းဘုန်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်ကျောင်းတိုက်က လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ တကယ်ခမ်းနားသပ္ပာယ်ပြီး ကြည်ညိုဖွယ်ရာကောင်းတဲ့ ဒီလိုနေရာမျိုးကို ရောက်လာတာကတော့ ဦးဇင်းတို့ရင်ထဲမှာ တကယ်ကိုဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ဒီလိုနေရာမျိုးကို ရောက်မယ်လို့လည်း ဦးဇင်းတို့ ထင်မထားခဲ့ပါဘူး။ တကယ်ကို ကံကောင်းထောက်မလို့ ဦးဇင်းတို့ ဒီလိုရောက်လာခြင်းဖြစ်ပါတယ်။ အခုလိုလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဦးဇင်းလည်း ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ တကယ်ကိုခမ်းနားတဲ့နေရာဖြစ်တဲ့အတွက် ဒီဘုရားကြီးကို လူတိုင်းလာရောက်ဖူးမြော်ဖို့ ဦးဇင်းအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။"

"ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ဖို့ ဥပဒေရေးရာဝန်ကြီးဌာနက စီစဉ်ပေးတဲ့အတွက် အခုလို လာရောက် ဖူးမြော်ခွင့်ရရှိတာဖြစ်ပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရသလို ကြည်နူးမှုလည်းဖြစ်ရပါတယ်။ အခက်အခဲတွေကြားထဲက ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဆိုတဲ့စကားနဲ့အညီ ကျွန်တော်တို့ ဘုရားဖူးပြည်သူတွေအားလုံး ဘေးအပေါင်း၊ ရန်အပေါင်း၊ မာန်အပေါင်းကနေပြီးတော့ ကင်းဝေးကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်ခင်ဗျာ။"

"ကျွန်မကတော့ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်သန္တာမြင့် ဖြစ်ပါတယ်ရှင်။ မကွေးမြို့ကနေ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိတွေနဲ့ ခရိုင်ဥပဒေအရာရှိတွေအားလုံးစုပေါင်းပြီး လာရောက်ဖူးမြော်ကြခြင်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီဘုရားကြီးကို တတိယအကြိမ် လာရောက်



ဖူးမြော်တာဖြစ်ပါတယ်ရှင်။ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘုရားကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် ရင်ပြင်တော်အပေါ်ကိုတက်လိုက်တာနဲ့ တိမ်တိုက်ကြီးအပေါ်မှာ စံပယ်နေသလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် စံပယ်နေသလို ဖူးမြော်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်ရှင့်။ ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက သက်တော်ထင်ရှားမြတ်စွာဘုရားကို ဖူးမြော်ရတယ်လို့ပဲ စိတ်ထဲမှာရည်မှန်းပြီး ဝမ်းသာပီတိဖြစ်မိပါတယ်ရှင်။"

**စာမျက်နှာ ၁၈ မှအဆက်**

မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း ငါးရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းလျက်ရှိပြီး ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေရရှိခဲ့ပါသည်။

ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုးမသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့်ငါးမျိုးများ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးကန်များ၏ ရေ၊ မြေ အရည်အသွေး စစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ပေးခြင်း၊ ငါးသားပေါက်များ ကျန်းမာရေးစစ်ဆေးထောက်ခံချက် ထုတ်ပေးခြင်း စသည်တို့ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးပေးခဲ့ပါသည်။ မွေးမြူသူများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် **မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်**ပါသည်။ **ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများတိုးတက်ရရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သော အခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်**ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် မတ် ၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် တစ်ရာနှစ်ဆယ့်နှစ်သိန်းခုနစ်သောင်းသုံးထောင်ငါးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဝန်ကြီးဌာနရုံးတွင် စနစ်တကျထုပ်ပိုး၍ လာရောက်လှူဒါန်းခြင်းဖြစ်ပြီး စားသောက်ဖွယ်ရာ အထုပ်များနှင့်အတူ ဝန်ထမ်းမိသားစုများက ရေးသားပေးပို့သည့် တပ်မတော်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းစေကြောင်းနှင့် တရားသောစစ် အောင်မြင်ပါစေကြောင်း စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ၊ ဈေးသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ပြည်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်သည့် ငွေကျပ် တစ်ရာကိုးဆယ်ခြောက်သိန်း သုံးသောင်း ခုနစ်ထောင်လေးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အဆိုပါစားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်နှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးအခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်တစ်စီး ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ





ထိုင်းဘုရင့်ရေတပ် 3rd Naval Area Commandမှ Chief of Staff ဖြစ်သူ Rear Admiral Pongmit Narongkul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Prachuap Khiri Khan(OPV-552) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊အရာရှိ၊စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်ကို အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Commandမှ Chief of Staff ဖြစ်သူ Rear Admiral Pongmit Narongkul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် မတ် ၃ ရက်ထိ သုံးရက်ကြာနေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့်နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် PNLA အဖွဲ့နှင့် KNDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့်နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်

ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ PNLA အဖွဲ့နှင့် KNDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့်နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်နေရာပြပုံ။




**နေပြည်တော် မတ် ၁**

အေးချမ်းတည်ငြိမ်လျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသတွင်း အဓိက ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးကို ဖြတ်တောက် ပိတ်ဆို့ရန်အကြံဆိုးဖြင့် ပြည်ပမှ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့၊ ပြည်တွင်းမှPDF အမည်ခံအကြမ်းဖက်အဖွဲ့တို့၏မြှောက်ပင့်ပေးမှုများအရ NCA တွင် လက်မှတ်ရေးထိုးထားသည့် PNLA အဖွဲ့မှ ငြိမ်းချမ်းမှုကိုမလိုလားသူအချို့နှင့် KNDF၊ KNPP အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်၍ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်ရှိအဓိကနေရာများကို ပိတ်ဆို့မှုများ လုပ်ဆောင်လာခဲ့သည်။

ထိုသို့ ပိတ်ဆို့မှုများကြောင့် ခရီးသွားလာမှုများ ခေတ္တရပ်တန့်ခဲ့ရပြီး ကုန်စည်စီးဆင်းမှုများပြတ်တောက်ခဲ့ရာ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ရသည်။ ဖြစ်စဉ်ဖြစ်လျှင်ဖြစ်ခြင်း တိုက်ခိုက်ရေးစစ်ကြောင်းများကို စနစ်တကျအင်အားစုဖွဲ့၍ ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ဆီဆိုင်-မိုင်းပွန် ကားလမ်းတစ်လျှောက်နှင့် ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် ဘေးဝဲယာများကို ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၁၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလမ်းမကြီးကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ မတ် ၁ ရက်မှ စတင်၍ ယာယီရပ်တန့်ခဲ့သည့် ခရီးသွားယာဉ်များ၊ လူစီးယာဉ်၊ကုန်တင်ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ပြီးဖြစ်ကြောင်း သိရသည်။


ထိတွေ့တိုက်ပွဲများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှပ်ရှပ်ချွံချွံ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် အကြမ်းဖက်သမား၏ ပိတ်ဆို့ထားသည့်နေရာများကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး ယနေ့တွင် မိုင်းပွန်မြို့မှ တောင်ကြီးမြို့ထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးအား ပိတ်ဆို့၍ ဆက်ကြေးကောက်ခြင်း၊လက်နက်မှောင်ခိုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးဖြန့်ချိရောင်းချရေးလုပ်ငန်းများကိုလုပ်ကိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# နောင်ချိုမြို့တွင် ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နောင်ချိုမြို့ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း ကျောက်မဲဘက်မှ နောင်ချိုဘက်သို့ မင်းမင်းကို မောင်းနှင်လာသော HYUNDAI GRAND STAREX မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၇၆၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလိုတို့ကိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ ကျော်သူအောင်အား နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာအနီးတွင် NISSAN AD VAN မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ကိုဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိ မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက်ပါဝင်လှူဒါန်းနိုင်**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူပြည်သူများ ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၉-၂၀၀၂၁၉၅ ၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘရာဇီးနိုင်ငံ အမေဇုန်ပြည်နယ်တွင် ပြင်းထန်စွာလောင်ကျွမ်းနေသည့်တောမီး ယာနိုမာမီလူမျိုးစုများ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိ



**ဘရာစီးလီးယား မတ် ၁**

ဘရာဇီးနိုင်ငံ အမေဇုန်ပြည်နယ်တွင် တောမီးလောင်ကျွမ်းနေပြီး အဆိုပါတောမီးသည် ယာနိုမာမီလူမျိုးစုများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဖေဖော်ဝါရီ ၂၉ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသည့်နေရာသည် ဌာနေတိုင်းရင်းသား မျိုးနွယ်စုဖြစ်သော ယာနိုမာမီလူမျိုးစုများ နေထိုင်သည့် နယ်မြေလည်းဖြစ်ကြောင်း၊ မှတ်တမ်းများအရ အမေဇုန်ပြည်နယ်တွင် ၂၀၂၄ ခုနှစ် နှစ်လတာကာလအတွင်း တောမီးလောင်ကျွမ်းမှု ၂၆၀၆ ကြိမ်ထိ ရှိခဲ့သော်လည်း အသေးစားတောမီးလောင်ကျွမ်းမှုများသာဖြစ်ပြီး ယခုတစ်ကြိမ် တောမီးလောင်ကျွမ်းမှုမှာ အပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နယ်မြေမှာ ၂၀၂၃ ခုနှစ်ကတည်းက တောမီးလောင်ကျွမ်းမှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဒီနှစ်အတွင်းမှာလဲ တောမီးလောင်ကျွမ်းမှုအကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့တယ်။ ဒီတစ်ကြိမ် တောမီး လောင်ကျွမ်းမှုကတော့ အန္တရာယ်များတယ်။ လေထုအတွင်းစိုထိုင်းဆကလဲ ပုံမှန်မဟုတ်တော့တဲ့အတွက်ကြောင့် မျိုးနွယ်စုမိသားစုဝင်တွေ ဖျားနာတာများလာတယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာခံစားရသူတွေများလာတယ်။ အထူးသဖြင့် အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေ ဖျားနာတာများလာတယ်။ တောမီးလောင်ကျွမ်းမှုကြောင့်လဲ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာတယ်"ဟု ယာနိုမာမီလူမျိုးစုခေါင်းဆောင် ဆီဆာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လတာအတွင်း လောင်ကျွမ်းခဲ့သော တောမီး ၂၆၀၆ ကြိမ်အနက် ယာနိုမာမီလူမျိုးစုများနေထိုင်သည့် နယ်မြေတွင် တောမီးလောင်ကျွမ်းမှု ၂၅၁ ကြိမ်ထိ ဖြစ်ပွားခဲ့ကြောင်း ဆီဆာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်ရန်ခက်ခဲလာသဖြင့် လျှပ်စစ်စွမ်းအင်ကို ပြည်ပမှဝယ်ယူရန်ပြင်ဆင်နေ

**ဟာရဲ မတ် ၁**

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရပြီးနောက် ရေလှောင်တမံများတွင် ရေပမာဏကျဆင်းလာမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်ရန်ခက်ခဲလာသည့်အတွက် လိုအပ်သော လျှပ်စစ်စွမ်းအင်ပမာဏကို ပြည်ပမှဝယ်ယူရန် ပြင်ဆင်နေကြောင်း ဇင်ဘာဘွေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုနှင့်ပတ်သက်၍ လည်း နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသကဲ့သို့ ရေရှားပါးမှုကြောင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အခက်တွေ့လာကာ သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ငန်းများလည်း အခက်တွေ့လာခဲ့ကြောင်း၊ ဇင်ဘာဘွေနိုင်ငံသည် အာဖရိကတိုက်တွင် ကြေးနီထုတ်လုပ်မှု ဒုတိယအမြင့်ဆုံးသောနိုင်ငံဖြစ်ပြီး မိုးခေါင်မှုကြောင့် လျှပ်စစ်စွမ်းအင်ရရှိမှု ကျဆင်းလာခြင်းကြောင့် ကြေးနီထုတ်လုပ်မှု ကျဆင်းလာကြောင်း သိရသည်။



"မိုးခေါင်တဲ့ပြဿနာကြောင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ခြင်းမရှိတော့ပါဘူး။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပုံမှန်လည်ပတ်နိုင်ခြင်း မရှိတော့တဲ့အတွက် လျှပ်စစ်စွမ်းအင်မလုံလောက်မှုတွေ ဖြစ်ပေါ်နေတယ်။ ဒါကြောင့် ပြည်ပကနေ လျှပ်စစ်စွမ်းအင်တွေ ဝယ်ယူသွားဖို့ စီစဉ်နေပါတယ်"ဟု ဇင်ဘာဘွေသမ္မတ ဟိုင်ချီလီမာက ပြောကြားသွားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း လျှပ်စစ်စွမ်းအင်ကို ပြည်ပမှ ဝယ်ယူရန် ပြင်ဆင်နေပြီး လျှပ်စစ်စွမ်းအင်ပမာဏ မဂ္ဂါဝပ် ၄၅၀ မှ မဂ္ဂါဝပ် ၅၀၀ ကျော်ထိ ဝယ်ယူနိုင်ရန်စီစဉ်နေကြောင်း၊ ၂၀၂၄ ခုနှစ် နိုင်ငံတော်ဘတ်ဂျက်များ ခွဲဝေရာတွင် ပြည်ပမှ လျှပ်စစ်စွမ်းအင်ဝယ်ယူရေးကို ဦးစားပေးခွဲဝေပေးသွားမည်ဖြစ်ကြောင်း သမ္မတဟိုင်ချီလီမာက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အီတလီနိုင်ငံ စစ္စလီကျွန်းတွင် မိုးခေါင်မှုပိုမိုဆိုးရွားပြီး သောက်သုံးရေခက်ခဲလာ

**ရောမ မတ် ၁**

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် ယခုနှစ်အတွင်း မိုးခေါင်သည့်ပြဿနာ ပိုမိုဆိုးရွားလာခဲ့ပြီး သောက်သုံးရေခက်ခဲလာကြောင်း နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စစ္စလီကျွန်းသည် ၂၀၂၃ ခုနှစ်မှစ၍ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အပူချိန်ပမာဏမှာ ၄၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ဥရောပတိုက်၏ အမြင့်ဆုံးသော အပူချိန်ပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် စစ္စလီကျွန်း၌ မိုးခေါင်ရေရှားပါးသည့်ပြဿနာဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရပြီး ယခုအခါ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက်သာမက သောက်သုံးရေအတွက်ပါ ခက်ခဲလာကြောင်း သိရသည်။

ယခင်က စစ္စလီကျွန်းတွင် နေရာအနှံ့အပြား၌ သောက်သုံးရေရရှိနိုင်သော်လည်း ယခုအခါ ရေရှားပါးလာသည့်အတွက် အကန့်အသတ်ဖြင့်သာ ရေပေးဝေနေရ၍ ခရီးသွားလာသူများသည် အမြဲတမ်း ကျောပိုးအိတ်များတွင်ရေဘူးများထည့်ကာ သွားလာနေရသည့် အခြေအနေလည်းဖြစ်ကြောင်း သိရသည်။

အီတလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနကလည်း ယခုနှစ်ဖေဖော်ဝါရီလသည် နိုင်ငံ၏သမိုင်းတစ်လျှောက် အပူအွေးဆုံးသောဖေဖော်ဝါရီလအဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ ရှစ်နှစ်ဆက်တိုက်ဖေဖော်ဝါရီလတွင် အပူချိန်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။




၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ်စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သားထားပါ။





# မျက်ရည်လွှမ်းသော အပြုံး

မယ်မင်း၁(စေရာ)

(၁)

"ဖြောင်း"

"ဝုန်း"

အိမ်ခေါင်းရင်းသရက်ပင်မှ သရက်ကိုင်းကျိုးကျသည့်အသံ ဖြစ်ဟန်တူသည်။ တစိမ့်စိမ့်ရွာနေသည့် မိုးက နံနက် ၄ နာရီထိုးသည်ထိမပြတ်နိုင်။ မိနွေးအိပ်ရာကမထချင်ဖြစ်နေသည်။ သို့သော် တစ်နေ့လုပ်တစ်နေ့စားဘဝ ဇိမ်ခံနေ၍မရပေ။ နံနက်စောစောထ၍ သူများယာခင်းထဲ အငှားဆင်းရမည်။ ပျင်းနေချိန်မရှိ။ လုပ်အားခကို ကြိုတင်ယူ၍ သုံးနှင့်ပြီးပြီဖြစ်၏။

"အရေးထဲမှ မီးခြစ်က ဘယ်နားထားမိပါလိမ့်နော်"

အိပ်ရာနိုးနိုးချင်း မီးခြစ်ပြဿနာတွေ့လေသည်။

ထမင်းထုပ်နှင့်အလုပ်ဆင်းရမည်ဖြစ်၍ မိုးမလင်းခင် ပြင်ဆင်ရမည်။ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြင့်မီးခြစ်ကို မရမက ရှာဖွေရသည်။ ဟင်းဖွယ်ဖွယ်ရာရာ ချက်စရာမရှိ။ တစ်ကိုယ်တည်းသမားမို့ ဖြစ်သလိုစားသည်က တစ်ကြောင်း၊ ငွေကြေး အဆင်မပြေသည်က တစ်ကြောင်း ဖြစ်၏။ ယခုလို မိုးလှိုင်လှိုင်ရွာနေသည့် ဝါဆိုလရောက်လျှင် မိနွေးတို့ရွာတွင် အလုပ်ရှုပ်ကြပြီ။ တောင်ယာနှမ်းကြဲသူက ကြဲ။ ဝါစိုက်သူက စိုက်။ တောင်သူအလုပ်ဖြင့် အသက်မွေးကြသူများဖြစ်၏။ သီးနှံအမျိုးမျိုး အလုပ်အဖုံဖုံဖြင့် နားချိန်ပင်မရှိ။ နွားတစ်ရှဉ်း ထွန်တုံးတစ်တုံးဖြင့် တဟဲ့ဟဲ့အော်ငေါက်ကာ တောင်သူကြီးများက ယာထွန်နေကြသည်။ အမျိုးသမီးများက ဓားမတစ်ချောင်းဖြင့် ထွန်နောက်မှလိုက်ကာ ပေါင်းပင်များကို ခုတ်ဖြတ်ရသည်။ မိနွေးတို့လို လက်လုပ်လက်စား အငှားလိုက်သူများမှာလည်း လက်မလည်အောင်လိုက်ရ၏။ အသက်၄၀ ကျော် အဘွားဆုံးပြီးချိန်မှစ၍ အသက်၂၀ အရွယ် မိနွေးဘဝ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ခဲ့ရသည်။ ငယ်စဉ်ကတည်းက မိဘမဲ့ခဲ့ရသလို ဆွေမျိုးများ၏ အထောက်အပံ့လည်း မရှိ။ မိနွေးဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရသည်။ အဘွားနှင့်အတူနေခဲ့သော အိမ်အိုလေးနှင့်ခြံသည် မိနွေးအဖို့ တန်ဖိုးအကြီးဆုံးအမွေပင်ဖြစ်၏။

(၂)

"မိနွေးရေ။ မနက်ဖြန် တို့ယာခင်း ဝါစိုက်မလို့ ညည်း လိုက်နိုင်မလားလို့ လာမေးတာ"

အိမ်ရှေ့မှ အရီးလေးဝင်း၏ အသံစွာစွာကိုကြားလိုက်ရသောကြောင့် ငှဲလက်စ ထမင်းအိုးကို ခဏချထား၍ အိမ်အပြင်ပြေးထွက်လိုက်သည်။

"ဟုတ် ဟုတ်ကဲ့ အရီးလေး။ လိုက်ခဲ့ပါ့မယ်။ နေ့တစ်ဝက်ပဲလား။ တစ်နေကုန်စိုက်မယ်ဆို ထမင်းထုပ်ယူခဲ့ရအောင်လို့"

"တစ်နေကုန်အေ့ တစ်နေကုန်။ ဒါပဲနော်။ မနက်ဖြန်သေချာပါစေ ငါပြန်ပြီ"

ကပျာကသီ ထမင်းအိုးငှဲ၍ မီးခဲနီနီရဲရဲဖြင့် နှပ်လိုက်သည်။ မနက်ဖြန်ထမင်းထုပ်ရန်အတွက် ဟင်းကိုကြိုတင်ပြင်ဆင်ထားရမည်ဖြစ်၏။ ဘာချက်ရမည်မသိ။ ယနေ့ညအဖို့တော့ ဟင်းမလိုပြီ။ ထမင်းအိုးငှဲချိန်က ထမင်းရည်ပူပူပျစ်ပျစ်လေးခံထားလိုက်သည်။ ထမင်းနပ်လျှင် ငါးပိစိမ်းကို မီးဖုတ်၍ ကြက်သွန်နီတစ်လုံးဖြင့် သုပ်မည်။ ခံထားသော ထမင်းရည်ပူပူကိုဆားခတ်၍ ဟင်းချိုအဖြစ်သောက်မည်။

ထမင်းထုပ်ရန် ဟင်းပြင်ဆင်ရသည်။ အိမ်ရှေ့မျက်နှာစာရှိ စွယ်တော်ပင်မှ အရွက်နုလေးများထွက်နေပြီ။ အိမ့်တောင်ဘက်တွင် ဆူးပုပ်ပင်ရှိ၏။ ဆူးပုပ်ညွန့်လက်တစ်ဆုပ်စာနှင့် စွယ်တော်ရွက်များကို မနက်ဖြန်အတွက်ချူးထားလိုက်သည်။ လူတစ်ရပ်စာအရွယ်ရှိနေသော မန်ကျည်းပင်များ ခြံစည်းရိုးတစ်လျှောက်စိုက်ထား၏။ မန်ကျည်းပင်ဖြင့် ခြံစည်းရိုးကာထားသည့်နှယ်တူ၏။ ဟင်းရွက်များခူးနေရင်းမှ အဘွားပြောခဲ့ဖူးသော စကားတစ်ခွန်းကို အမှတ်ရမိသည်။

"မြေကြီးက ရွှေသီးတယ်ဆိုတာ မြေကြီးထဲက ရွှေထွက်လာတာကို ပြောတာမဟုတ်ဘူး ငါ့မြေးရဲ့။ မြေကြီးကိုအလကားမထားဘဲ တန်ဖိုးရှိတဲ့အသီးအနှံတွေစိုက်ရတယ်ကွဲ့။ ကုသိုလ်လဲရတယ် ဝမ်းလဲဝတယ်"

ခြံစည်းရိုးတစ်လျှောက် တုတ်တိုလေးတစ်ချောင်းဖြင့် မြေများတူးဆွကာ မန်ကျည်းစေ့လေးများ ပျိုးနေသည့် အဘွား၏ပုံရိပ်ကို မျက်စိထဲပြန်မြင်ယောင်မိ၏။ တစ်ဆက်တည်းမှာပင် ငယ်ငယ်ကသင်ခဲ့ဖူးသော ကျောင်းသင်ခန်းစာထဲမှ "အိမ်နောက်ဖေးဈေးဆိုင်တည်" ဟူသည့်စာတစ်ပုဒ်ကိုလည်း မိနွေး သတိရလိုက်မိသည်။ မိနွေးတို့လိုမပြည့်စုံသည့် အခြေခံလူတန်းစားများအတွက် အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်သင့်သည်မှာ အမှန်ပင်ဖြစ်၏။

(၃)

"ဟဲ့ဘယ်အိမ်ကကြောင်လဲ။ သွား သွား ထွက်သွား"

ယာခင်းအလုပ်ကအပြန် အိမ်တံခါးဖွင့်လိုက်သည်နှင့် ကြွက်ချောင်းနေသော ကြောင်ဝါလေးတစ်ကောင်။ မိနွေး ဘယ်လိုပင်အော်ငေါက်နှင်နေသော်လည်း ကြောင်ဝါလေးက ထွက်မသွားဘဲရှိ၏။

မျက်လုံးအဝိုင်းသားလေးဖြင့် အားငယ်စွာကြည့်နေသော ကြောင်ကလေးကို မိနွေး သနားသွားမိသည်။ ထပ်၍ မနှင်ရက်တော့ပေ။ မိနွေး၏အိပ်ရာဘေးတွင် ခေါင်းတမော့မော့ဖြင့် ကြွက်ချောင်းနေတတ်သည်။ ကြွက်ကိုမျက်ခြည်မပြတ်စောင့်ကြည့်နေတတ်သည့် ကြောင်ကလေး၏အမူအရာကို မိနွေး တဖြည်းဖြည်းသဘောကျလာသည်။ သည်လိုနှင့် တစ်ရက်ပြီးတစ်ရက်။ တစ်လပြီးတစ်လ။ အချိန်ကြာလေ ကြောင်ကလေးအပေါ် သံယောဇဉ်တိုးလေဖြစ်လာ၏။ ထမင်းစားပြီးချိန်တိုင်း ကြောင်ကလေးကိုထမင်းကျွေးသည်။ သည်လိုနှင့် ဘယ်ကလာသည်မသိသော ကြောင်ကလေးသည်လည်း မိနွေး၏အိမ်တွင် အနေမြဲသွားသည်။ ထမင်းဆာလျှင်လည်း တညောင်ညောင်အော်ကာ ပူဆာနေတတ်ပြီ။ တစ်နေ့လုပ်တစ်နေ့စား မိနွေး၏ဘဝသည် မချမ်းသာသော်လည်း အပူအပင်ကင်းလှ၏။ တွယ်တာစရာမရှိသော မိနွေး၏ ဘဝထဲကို သံယောဇဉ်ကြိုးတစ်ချောင်း ရစ်တွယ်လာလေသည်။ ကြောင်ဝါကလေးကို မိဝါဟု နာမည်ပေးလိုက်သည်။ မိနွေး အလုပ်သွားသည့်အချိန်မှလွဲ၍ နေ့နေ့ညည မိဝါကလေးနှင့် အတူရှိနေတတ်၏။ မိနွေး၏အနားတွင် ပွတ်သီးပွတ်သပ်လုပ်နေတတ်၏။

"မိဝါလေးရေ နင့်အတွက် ငါးတွေဝယ်လာတယ်"

ကြွပ်ကြွပ်အိတ်လေးဆွဲကာ အိမ်ပေါက်ဝက အသံပေးလိုက်သည်နှင့် အပြေးလာကာ ကိုယ်ပေါ်သို့ ခုန်တက်တတ်လေသည်။ မိဝါလေး၏ချစ်စရာကောင်းပုံကို တခစ်ခစ်ရယ်ကာ သဘောကျနေတတ်၏။ ချစ်စရာကောင်းသလို လူစကားနားလည်လွယ်သော မိဝါလေးကို မိနွေးအလွန်ချစ်သည်။ တယုတယကျွေးမွေးတတ်လေ၏။ သူ့အတွက် ထမင်းဟင်းကိုဖြစ်သလိုစားနိုင်သော်လည်း မိဝါအတွက်တော့ ငါးကို မပြတ်ဝယ်ထားတတ်သည်။

(၄)

သည်ရက်ပိုင်း မိဝါဆီသို့ ကြောင်ထီးတစ်ကောင် ခဏခဏ ရောက်လာတတ်သည်။ ဟိုဘက်နှစ်အိမ်ကျော်က ဒေါ်လှဲ့ရည်တို့၏ ကြောင်ဖြစ်မည်။ ကြောင်က အနက်ရောင်။ ကြောင်နက်များသည် လာဘ်ပိတ်တတ်သည်ဟု မိနွေး ကြားဖူးနားဝရှိသော်လည်း အယုံအကြည်မရှိ။ တိရစ္ဆာန်ချင်းအတူတူ အရောင်အသွေးကွဲပြားရုံဖြင့် ခွဲခြားမဆက်ဆံသင့်ဟု မိနွေး နားလည်မိ၏။ မိဝါလေးလည်း အရွယ်ရောက်လာပြီ။ မိနွေး နားလည်ပေးလိုက်သည်။ ခဏခဏ ပျောက်သွားတတ်သောမိဝါလေးကို မိနွေးစိတ်မချနိုင်။ ရန်သူနှင့်တွေ့၍ အန္တရာယ်ကျရောက်မည်ကို တွေးပူတတ်သည်။ ထို့ကြောင့်ပင် မိဝါလေးပျောက်သွားလျှင် မိနွေး မအိပ်ဘဲစောင့်နေတတ်၏။ မိဝါလေးကြောင့် အိပ်ပျက်ခဲ့ရသောရက် များခဲ့လေပြီ။ ခွေးဟောင်သံကြားလျှင် မိဝါ တစ်ခုခုဖြစ်လေပြီလားဟူသောအတွေးဖြင့် ထိတ်ထိတ်လန့်လန့်နိုးခဲ့ရသောညများက မနည်း။ သည်လိုနှင့် မိနွေး၏ ကျန်းမာရေးတစ်စတစ်စ သိသိသာသာ ထိခိုက်လာတော့သည်။ မိဝါလေး၏ ဗိုက်သည်လည်း သိသိသာသာ ဖောင်းလာတော့၏။

"မိဝါလေးရေ။ သမီးလေး ကလေးအမေ ဖြစ်တော့မယ်။ ချစ်စရာကောင်းတဲ့ကြောင်ပေါက်လေးတွေမွေးပေးနော်"

မိနွေး၏စကားကို နားလည်သလိုပင် ကိုယ်ကို ခေါင်းကလေးဖြင့်ထိုးခွေ့နေလေ၏။ မေတ္တာတရားသည် အသွားအပြန်ရှိသလို သံယောဇဉ်သည်လည်း ရစ်ပတ်တတ်သောသဘောရှိ၏။ မိဝါလေးနှင့် မိနွေးတို့၏ သံယောဇဉ်သည် မိသားစုသဖွယ် နက်ရှိုင်းလှ၏။ မိဝါလေးသည် တိရစ္ဆာန်ဖြစ်သော်လည်း သခင်၏ မျက်နှာအရိပ်အကဲကို ခန့်မှန်းတတ်သည်။ မိနွေး နာမကျန်းဖြစ်နေသည်ကို ရိပ်မိသောအခါ ညည အပြင်သို့မထွက်တော့ပေ။ အနားနားတွင်သာ ရှိနေတတ်၏။

(၅)

"မိနွေးရေ မိနွေး"

နေမကောင်း၍ အိပ်ရာထဲလှဲနေရာမှ အိမ်အပြင်လှမ်းကြည့်လိုက်သည်။ အော်ခေါ်နေသူမှာ ဒေါ်လှဲ့ရည်ဖြစ်၏။ ဘာကိစ္စနှင့်လာသည်မသိ။ လက်ထဲတွင်လည်း ကြောင်တစ်ကောင်ကိုပိုက်ချီလျက်။ ထိုကြောင်ကလေးသည် မိနွေးအိမ်သို့ ခဏခဏရောက်လာတတ်သော ကြောင်နက်ကလေးဖြစ်သည်။ မိနွေး အိပ်ရာမှ အလူးအလဲအားယူ၍ ထလိုက်ကာ-

"အန်တီလှဲ့ရည် ဘာကိစ္စလဲရှင့်။ အထဲဝင်လာခဲ့ပါ"

"ပြောရမှာက ခပ်ခက်ခက်ပဲ သမီးရေ။ အန်တီတို့အခြားမြို့ကို ပြောင်းရတော့မှာကွဲ့။ အန်တီ့ယောက်ျားက ရာထူးတိုးလို့လေ"

ဒေါ်လှဲ့ရည်က စကားကိုဆက်မပြောဘဲ မိနွေးကို အကဲခတ်နေလေ၏။ ဒေါ်လှဲ့ရည် ဘာကိုရည်ရွယ်ပြောနေမှန်း မိနွေးနားမလည်ပါ။ ဒေါ်လှဲ့ရည်နှင့် သူ၏ကြောင်ကလေး ဝင်လာကတည်းက မိဝါလေးလည်း အနားနားရောက်လာသည်ကို သတိထားမိ၏။

"အန်တီ့သမီးကလေးကလေ ဒီကြောင်လေး ဖိုးမည်းကို တအားချစ်တာ။ အခုဖိုးမည်းက မိဝါလေးဆီ ခဏခဏလာနေတော့ မိဝါလေးကိုပါ ခေါ်သွားချင်တယ်ပြောနေလို့လေ။ ကြောင်ကလေးတွေ မွေးလာရင်လဲ ဂရုစိုက်မယ်တဲ့။ အဲဒါ သမီးက မိဝါကို အန်တီတို့နောက် ထည့်ပေးနိုင်မလား လာမေးတာပါ။ ဂရုမစိုက်မှာတော့ လုံးဝမပူနဲ့နော်"

ဒေါ်လှဲ့ရည်၏ စကားအဆုံးတွင် မိနွေး တစ်ကိုယ်လုံးနုံးချည့်သွားသလို ခံစားလိုက်ရသည်။ အင်အားကုန်ခန်းသွားသည်နှယ်ထင်မိ၏။ စကားတစ်ခွန်းမျှပြန်၍မပြောနိုင်။ တလှိုက်လှိုက်တက်လာသော ဝမ်းနည်းမှုများကြောင့် ရင်ဘတ်တစ်ခုလုံးအောင့်တက်နေ၏။ မိဝါလေးကိုလှည့်ကြည့်လိုက်ချိန် ကုပ်ကုပ်ကလေးဝပ်ကာ ခွင့်တောင်းနေသယောင်ယောင်။ တစ်ကောင်ကြွက်အထီးကျန်နေသူ၏ တွယ်မိတွယ်ရာ တွယ်ခဲ့သော သံယောဇဉ်။ အဘယ်သို့ဖြတ်ရပါမည်နည်း။ မိနွေး ရင်တစစ်စစ်နာကျင်ရပြီ။ ဖြေစရာ တရားလည်းရှာ၍မတွေ့။ ပြောစရာစကားသည်လည်း ထွက်၍မလာ။ မျက်ရည်များဖြိုင်ဖြိုင်ကျဆင်းလာသည့်တိုင် စိတ်ထိခိုက်ရ၏။ မိနွေး အားတင်း၍ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"မိဝါလေးကိုသေချာဂရုစိုက်ပေးကြပါနော်အန်တီ"

မိဝါလေး၏ ခေါင်းကိုညင်သာစွာပွတ်သပ်၍ နှုတ်ဆက်လိုက်သည်။

"လိုက်သွားပါ မိဝါရေ။ ငါ့လို မိသားစုနဲ့ကွဲရတဲ့ အဖြစ်မျိုး နင့်ကိုမကြုံစေချင်လို့ ငါပဲ ရင်အကွဲခံပါ့မယ်"

ရင်ထဲမှ စကားများသည် အပြင်ကိုထွက်မလာခဲ့ပေ။ ဝမ်းနည်းဆို့နင့်မှုကို ထိန်းချုပ်ရင်း မိဝါလေး အိမ်အပြင်ရောက်သည်ထိ မိနွေး ပြုံးပြလျက်။

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၃၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၆၄၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကန့်ဘလူခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၆၄၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခု ဧက ၆၃၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်အတွင်း မြို့နယ်အလိုက် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၂၉ ဧက၊ ဖူးစားပြောင်း ၁၅၅၈ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်း ၁၂၁၅ ဧက စုစုပေါင်း ၆၃၀၂ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၃၈ဧက၊ ဖူးစားပြောင်း ၁၅၇၅ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်း ၁၃၃၇ ဧက စုစုပေါင်း ဧက ၆၄၅၀ ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ် ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဇလွန် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇလွန်မြို့နယ် ရိုးကြီးကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်သုည ဒသမ ၃၃ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ကိုး လက်မရှိ ချောင်းကျောက်ခင်း ခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ပေ၂၀၊ အကျယ် ငါးပေ၊ အမြင့် ခုနစ်ပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၇၃သန်းဖြင့် တင်ဒါအောင်မြင်သည့် Dwelling Place Construction ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ပြောပြ၍ သိရသည်။ **သံသာ**



# ကဝမြို့နယ် ကမာဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ကဝ မတ် ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမာဘာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈ဦးကို ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

## နှလုံးသားက ပွင့်တဲ့ပန်း

\- နှလုံးသားက ပန်းတစ်ပွင့်
လန်းစွင့်ဖို့ သည်အရေးမှာ၊
ချစ်ခြင်းရယ် အဓိက
ဆိုကြတယ်ဗျာ၊
ချစ်ပါသကော ဆိုရတာ
ရင်ဘတ်မှာ နားထောင်ကြည့်၊
ဒုတ်ဒုတ်ရယ် ရင်ခုန်သံက
မြန်လှပါဘိ။

\- နိုင်ငံကို ချစ်တဲ့စိတ်
ဖိတ်လက်လို့ တောက်ကြည်၊
တို့နိုင်ငံ တို့လူမျိုး
မညှိုးတဲ့ ဇာနည်၊
ပျိုမျိုးမို့ ဟိုးအတိ
ချီလာခဲ့ ပုဂံသား၊
တန်ခိုးအရာ ထွန်းပြောင်လှတယ်
အနော်ရထာအလား။

\- ဘုရင့်နောင်ဆို နယ်တစ်လွှား
ဖိမ့်ဖိမ့်များ တုန်လို့ရယ်၊
ကျက်သရေတွေ တက်နေဖြိုးလို့
တိုးလှပေတယ်၊
မျိုးရိုးနဲ့ဇာတိကွယ်
ထွန်းကြွယ်တယ် ရောင်မညှိုး၊
စစ်သားကွယ် ပြည့်ရေးကြည့်လို့
သတ္တိတွေဖြိုး။

\- ရဲတံခွန် လေမှာဝဲလို့
ဦးအောင်ဇေယျပဲ ဆိုကြတယ်၊
သတ္တိရယ် ရှေ့တန်းကမို့
ဖြိုးကြွတင့်တယ်၊
ဘုန်းတန်ခိုးက မိုးထက်ဝယ်
လက်လက်ရယ် တောက်တောက်ပ၊
အမျိုးဘာသာ သာသနာရေးတို့
ဝင့်ကြွားရှေ့က။

\- သူတို့လို မြန်ပြည်သား
ချစ်အားက ဖြိုးဖြိုးသန်၊
လွှမ်းလို့ခြုံ မျိုးဇာတိ
ထိကြည့်မခံ၊
တို့အမျိုးနဲ့ တို့နိုင်ငံ
ကာကွယ်ရန် စိတ်တည်လှမ်း၊
မင်းသုံးပါးနှယ် မျိုးဂုဏ်မညှိုးတယ်
တိုးလို့ချစ်စမ်း။

\- စစ်မှုရယ် သည်ဝန်ထမ်းဖို့
မျိုးချစ်မှန်း သိစေပြီ၊
ဘယ်သူရယ် တိုက်ကာမတွန်းလဲ
ချစ်လွန်းခဲ့သည်၊
ပြည်ချစ်စိတ် အရင်းတည်
ဝင်လေပြီ တပ်မတော်ထဲ၊
အမျိုးအရောင် ထွန်းသစ်ပြောင်ဖို့
တန်ခိုးအခေါင် ထွန်းလှစ်မမှောင်ဖို့
ဘုန်းမောင်စွန့်ရဲ။ ။

**ဗန်ညို**

# လိုက်နာကြစေ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေ

**စိန်ဌေးလှိုင်(ဟိုပုံးမြေ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ဖော်ပြပါရှိသည်။ အချုပ်အခြာအာဏာပိုင်ခြင်းသည် လွတ်လပ်သောတိုင်းပြည်တစ်ပြည်၏ အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ရမည့်အပြင် ရေရှည်တည်တံ့အောင်ဆောင်ရွက်ရမည်မှာ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။ ထို့ပြင် ၎င်းဥပဒေ၏ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ဖော်ပြပါရှိသည်။ ဥပဒေဟူသည် လူသားအချင်းချင်းပေါင်းသင်းဆက်ဆံရာတွင် တရားမျှတမှုရှိစေရန်နှင့် အကွပ်အကဲအထိန်းအကျောင်းသဖွယ်ဖြစ်စေရန် အုပ်ချုပ်သူအစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းပင်ဖြစ်သည်။ "သစ်ပင် မှန်လျှင်အမြစ်နှင့် တိုင်းပြည်မှန်လျှင်စစ်နှင့်"ဆိုသော စကားအရမည်သည့်နိုင်ငံပင်ဖြစ်စေကာမူ စစ်နှင့် မကင်းကြပေ။ စစ်နှင့်မကင်းသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားများမှာ စစ်ပညာကိုတတ်မြောက်ကာ နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ရပေမည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် တပ်မတော်ဆိုသည်မှာ ဖွဲ့စည်းထားမြဲဖြစ်သည်။

ယနေ့ခေတ် မြန်မာ့တပ်မတော်တွင် အဓိကလုပ်ငန်းကြီး သုံးခုချမှတ်ထားသည်။ ၎င်းတို့မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များဖြစ်ကြသည်။ အတိတ်သမိုင်းတွင် တိုင်းပြည်၏အချုပ်အခြာအာဏာဆုံးရှုံးရမည့်အခြေအနေကိုရောက်ရှိတိုင်း တပ်မတော်က ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီးစကာလတွင် ရောင်စုံသူပုန်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)အစိုးရ၏ တောင်းဆိုချက်အရ တပ်မတော်သည် ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်၏အုပ်ချုပ်ရေးကို လွှဲပြောင်းရယူ၍ အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူခဲ့၏။ ၁၉၆၂ ခုနှစ် တွင် ပါတီတွင်းအုပ်စုဖွဲ့မှုနှင့် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာပြန်ရာ တပ်မတော်သည် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နိုင်ငံတော်ပြိုကွဲအောင်လုပ်ဆောင်ခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏ အာဏာကို မလွှဲမရှောင်သာဘဲ ထိန်းသိမ်းခဲ့ရ၏။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းထုတ်ပြန်မှုအပိုင်းတွင် ပွင့်လင်းမြင်သာမှုမရှိခဲ့ရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မဲစာရင်းတွေ့ရှိချက်များကို စာရင်းဇယားများဖြင့် စနစ်တကျထုတ်ပြန်ခဲ့သည်။ နောက်ဆုံးအချိန် ထုတ်ပြန်ချက်အရ မဲမသမာမှု ဖြစ်နိုင်သည့် မဲစာရင်း ၁၁၃၀၅၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်)တွေ့ရှိခဲ့ရ၏။ အုပ်ချုပ်ခဲ့သည့် အစိုးရအနေဖြင့် မသိကျိုးကျွန်ပြုကာ အများပြည်သူတို့၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ယာယီသမ္မတဦးမြင့်ဆွေက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပုဒ်မ(၄၁၈)၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်တာဝန်ပေးခဲ့သည်။

စာရေးသူတို့နိုင်ငံ၏ လက်ရှိကာလ တွေ့ကြုံနေရသော ပြည်တွင်းရေးမငြိမ်သက်မှုနှင့်စစ်ပွဲများဖြစ်နေရခြင်းမှာ ပြည်ပနိုင်ငံတချို့၏ သွေးထိုးနှောင့်ယှက်မှုများပါဝင်ပတ်သက်လျက်ရှိသည်။ ထို့ပြင် လက်နက်ကိုင်အုပ်စုတို့ကလည်း ၎င်းတို့၏ လူမျိုးရေး၊ စီးပွားရေး၊ ပြည်နယ်အရေး စသည်ဖြင့် အယောင်ဆောင် အကြောင်းအမျိုးမျိုးပြကာ ဆူပူသောင်းကျန်းလျက်ရှိပေသည်။ ပြည်သူတို့မှာလည်း အေးချမ်းစွာနေထိုင်လိုကြသည်။ အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာသည် ပြည်သူတို့လက်ထဲတွင်ရှိသည်။ တိုင်းပြည်တစ်ခု ရေရှည်တည်တံ့ရန်အတွက် ကာကွယ်ရေးစွမ်းအားစုများ ကောင်းမွန်နေစေရန် အလွန်အရေးကြီးသည်။ ကာကွယ်ရေးစွမ်းအားစုများကို မြန်မာ့တပ်မတော်က ဦးဆောင်လျက်ရှိရာ အင်အားတောင့်တင်းနေရမည်မှာ ပကတိအမှန်တရားဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် စတင်အာဏာတည်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် လက်ရှိ နိုင်ငံ့အခြေအနေကြောင့်သာမဟုတ်ဘဲ အနာဂတ် ဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်မည့်အစိုးရများအတွက် ချမှတ်ပေးသည့်ရေရှည် စီမံကိန်းတစ်ခုဖြစ်သည်။ ပထဝီနိုင်ငံရေးနှင့်ကမ္ဘာ့ အခြေအနေအကြောင်းအရာများကြောင့် ထိုဥပဒေကို မဖြစ်မနေပြဋ္ဌာန်းရခြင်းဖြစ်သည်။

**❖ စာရေးသူတို့နိုင်ငံ၏ လက်ရှိကာလ တွေ့ကြုံနေရသောပြည်တွင်းရေးမငြိမ်သက်မှုနှင့်စစ်ပွဲများဖြစ်နေရခြင်းမှာ ပြည်ပနိုင်ငံတချို့၏ သွေးထိုးနှောင့်ယှက်မှုများပါဝင်ပတ်သက်လျက်ရှိသည်။ ထို့ပြင် လက်နက်ကိုင်အုပ်စုတို့ကလည်း ၎င်းတို့၏ လူမျိုးရေး၊ စီးပွားရေး၊ ပြည်နယ်အရေး စသည်ဖြင့် အယောင်ဆောင် အကြောင်းအမျိုးမျိုးပြကာ ဆူပူသောင်းကျန်းလျက်ရှိပေသည်။ ပြည်သူတို့မှာလည်း အေးချမ်းစွာနေထိုင်လိုကြသည်။ အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာသည် ပြည်သူတို့လက်ထဲတွင်ရှိသည်။ တိုင်းပြည်တစ်ခု ရေရှည်တည်တံ့ရန်အတွက် ကာကွယ်ရေးစွမ်းအားစုများ ကောင်းမွန်နေစေရန် အလွန်အရေးကြီးသည်။❖**

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ယခုပြဋ္ဌာန်းသော စစ်မှုထမ်းဥပဒေ၌ အကျုံးဝင်နိုင်သည့် လူဦးရေမှာ အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းခန့်ရှိရာ အမျိုးသားနှင့်အမျိုးသမီးတစ်ပြိုင်တည်း စစ်မှုထမ်းရမည်မဟုတ်ပေ။ ဥပမာအနေဖြင့် အမျိုးသား ၆ ဒသမ ၃ သန်းကို တစ်ရာခိုင်နှုန်းအချိုးဖြင့်တွက်လျှင် လူဦးရေ ၆၃၀၀၀ ရှိသည်။ မြန်မာနိုင်ငံတွင် ရပ်ကွက်ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိရာ ရပ်ကွက်တစ်ခုတွင် စစ်မှုထမ်းရမည့်ဦးရေမှာ တစ်ဦး သို့မဟုတ် နှစ်ဦးထက်မပိုနိုင်ပေ။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်လူရွယ်အားလုံးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တတ်သိစေရန်ရည်ရွယ်သည်။ စစ်သင်တန်းများပြီးဆုံးပါက မိမိတို့ဒေသရှိ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရေးထိ ရည်ရွယ်ထားကြောင်း လေ့လာသိရှိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုရာတွင် အမျိုးသမီးများကို လတ်တလောခေါ်ယူရန် အစီအစဉ်မရှိသေးကြောင်း သတင်းထုတ်ပြန်ထားသည်။

စစ်မှုထမ်းဆောင်မည့်ပြည်သူများသည် ချက်ချင်းလက်ငင်း ထမ်းဆောင်ရမည်မဟုတ်ဘဲ အဆင့်မြင့်စစ်ပညာကို အပြည့်အဝသင်ကြားပြီးမှသာ ထမ်းဆောင်ရမည်ဖြစ်သည်။ သန္ဓေစစ်သည်များနှင့် တူညီသော ရာထူးအဆင့်၊ လစာ၊ ရိက္ခာ၊ စစ်ဝတ်၊ နေထိုင်တန်းလျားစသည်များနှင့်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ပေးမည်။ ၎င်းကိစ္စရပ်များအတွက် ကုန်ကျမှုကို နိုင်ငံတော်ဘတ်ဂျက်မှအသုံးပြုခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ပုဒ်မ (၂၂)တွင် ကင်းလွတ်ခွင့်ရရှိသူများကို ဖော်ပြထားရာသာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည်အမျိုးသမီးများ၊ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးများ လည်းပါဝင်သည်။) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊ တပ်မတော်ဆေးစစ်ဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ရရှိထားသူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဘုတ်အဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ စသည်တို့ဖြစ်ကြသည်။ သတ်မှတ်ချက်နှင့် အကျုံးဝင်သည့် ကျောင်းသား၊ ကျောင်းသူများ၊ အစိုးရဝန်ထမ်းများနှင့် မိအိုဖအိုတို့ကို ပြုစုလုပ်ကျွေးနေသူများ စသည်တို့အတွက် ပုဒ်မ ၁၅ အရ ယာယီရွှေ့ဆိုင်းခွင့်ရရှိသည်။ သို့သော် ၎င်းတို့၏လုပ်ငန်းကိစ္စများ ပြီးဆုံးချိန်တွင် အချိုးကျစနစ်ဖြင့် ပြည်သူ့စစ်တာဝန်ကို ထမ်းဆောင်ရမည်။ ထိုအကြောင်းအချက်နှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက လိုအပ်သည့်နည်းဥပဒေများ၊ အမိန့်များ၊ ကြော်ငြာစာများကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မှတ်သားသိရှိရသည်။

နိုင်ငံတကာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ သို့မဟုတ် အမျိုးသားစစ်မှုထမ်းစနစ် (National Service)ကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။ အဓိကအားဖြင့် မိမိနိုင်ငံကို ရန်သူများက ပစ်မှတ်ထားတိုက်ခိုက်ခံရသည့်ကာလနှင့်နိုင်ငံတော်လုံခြုံရေးအတွက် အမြဲလိုလို စိုးရိမ်နေရသည့်ကာလများတွင် စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းလေ့ရှိကြသည်။ အသက်အရွယ်၊ ကျား၊ မ တာဝန်ထမ်းဆောင်ရမည့်ကာလတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ အာရှဒေသတွင် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ ရုရှားနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့တွင် စစ်မှုထမ်းဥပဒေကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းမှုအရှိဆုံးနိုင်ငံဟုခေါ်ဆိုသည့် နော်ဝေနိုင်ငံတွင်လည်း အသက် ၁၉ နှစ်မှ ၄၄ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးအားလုံးကို ၁၉ လကြာ စစ်မှုထမ်းရမည်ဟုသတ်မှတ်ထား၏။ အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်နှင့် တရုတ်နိုင်ငံတို့တွင် စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးမှုမရှိသော်လည်း ပြဋ္ဌာန်းပြီးဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ တပ်မတော်၏အခန်းကဏ္ဍတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟုဖော်ပြထားသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရန်တပ်ဖွဲ့ဥပဒေအာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၂၄ ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၈/၂၀၁၀ဖြင့် ပြဋ္ဌာန်းခဲ့သော အရန်တပ်ဖွဲ့ဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ-၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်ဟု ဖော်ပြထားသည်။ ၎င်းဥပဒေသည် အသစ်ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ ယခင်ဥပဒေကို ပြန်လည်အသက်သွင်းခြင်းဖြစ်သည်။ စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခြင်း သို့မဟုတ် အငြိမ်းစားယူခွင့်ရရှိသည့်နေ့မှစ၍ ငါးနှစ်ထိ အရန်တပ်ဖွဲ့တွင် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်မှုထမ်းခြင်းမှ မိမိဆန္ဒအလျောက်နုတ်ထွက်သော သို့မဟုတ် အငြိမ်းစားယူသော စစ်မှုထမ်းတစ်ဦးကို အရန်တပ်ဖွဲ့အဖြစ်ခန့်အပ်နိုင်သည်။ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ စစ်မှုထမ်းဆောင်ခြင်းခံရသော ပုဒ်မ ၂ ပါ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသူကို တပ်မတော်၌တာဝန်ထမ်းဆောင်စဉ်က ခွင့်ပြုခဲ့သောနောက်ဆုံးအဆင့်နှင့် စစ်ဝတ်စုံတို့ကိုသုံးစွဲခွင့်ပြုနိုင်သည်။ အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရန်တပ်ဖွဲ့တစ်ဦး၏ တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ၎င်း၏ရာထူးနှင့်အဆင့်ကို တိုးမြှင့်ခြင်း သို့မဟုတ်လျှော့ချခြင်းပြုနိုင်သည်။ တပ်မတော်မှရရှိသော အငြိမ်းစားလစာအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်သော အကျိုးခံစားခွင့်များကိုလည်း ခံစားနိုင်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေများ အာဏာတည်ရမည့်ရက်သတ်မှတ်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိအခြေအနေအရ ပြဋ္ဌာန်းရန်လည်း လိုအပ်သည်။ နောင်တက်လာမည့် အစိုးရသစ်များအတွက်လည်း မျှော်မှန်းသတ်မှတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လုံခြုံရေးအသိပညာ၊ အတတ်ပညာများကို အားလုံးတတ်မြောက်အောင်ဆောင်ရွက်သွားကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

- **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ နှင့် ၃၂/၂၀၂၄။**
- **ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၃၁၄၆၀ စိုက်ပျိုးပြီးစီး



**မုံရွာ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၃၁၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၁၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၁၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာ ၃၁၁၄၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ နေကြာ ဧက ၃၁၄၆၀ စိုက်ပျိုးပြီးပါပြီ။ နေကြာစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ကတော့ မိုးနေကြာထက် ဆောင်းနေကြာစိုက်ပျိုးတာများပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၇၇၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၁၈၀၂၀၊ အရာတော်မြို့နယ်တွင် ၂၇၂၅ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ဧက ၂၈၄၀ စုစုပေါင်း ဧက ၃၁၄၆၀ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၇၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၁၈၀၂၀၊ အရာတော်မြို့နယ်တွင် ၂၇၄၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၆၃၁ ဧက စုစုပေါင်း ၃၁၁၄၁ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေး သင်တန်းများ အချိန်မှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

(၂၀၆)

# ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျွန်းစု မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ကမ်းကြီးကျေးရွာအုပ်စု ကမ်းကြီးကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသန္တာက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကမ်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **တေဇလင်း**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၃၅၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ပဲတီစိမ်းတွေ အရင်လတွေကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပဲမျိုးစုံကိုပိဿာချိန်စနစ်၊ တင်းဝင်စနစ်တွေနဲ့ တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကတော့ တစ်တင်းဝင်အိတ်တွေနဲ့ပဲ တင်ပို့ရောင်းချတာများပါတယ်"ဟု မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။



မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို ၂၄ ပြည်ဝင်အိတ်များဖြင့်ထည့်ပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ရွာတောကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတောကျေးရွာအုပ်စု ရွာတောကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ရွာတောကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် မြေပဲအစုအဖွဲ့နှင့် ရွှေယင်းမာအစုအဖွဲ့က မြေပဲနှင့် ပဲအမျိုးမျိုး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြေဩဇာဈေးနှုန်းများ၊ စိုက်ပျိုးရေးကုန်ကျစရိတ်၊ ရောင်းချသည့် ဈေးနှုန်းများကို မေးမြန်းဆွေးနွေးကာ ကျေးရွာက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွာတောကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာရှိ မြေပဲအစုအဖွဲ့သုံးဖွဲ့နှင့် ရွှေယင်းမာအစုအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၄၁ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ပြောပြ၍ သိရသည်။ **မောင်ခိုင်**



# မိုင်းတုံမြို့နယ် နားကောင်းမူး(လီဆူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မတ် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကောင်းမူး (လီဆူ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် တာဝန်ရှိသူများက နားကောင်းမူး(လီဆူ)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားကောင်းမူး(လီဆူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ချိုသန်းညွန့်**

# ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးပဋိပက္ခများမှ အကျိုးကျေးဇူးများရရှိနေသည့်အမေရိကန်

နေရှား(သုတေသန)

မကြာသေးမီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်မှ ပြည်ပနိုင်ငံများသို့ စစ်လက်နက်ပစ္စည်းရောင်းချသည့် ပမာဏကိုဖော်ပြသော ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိရသည်။ ၎င်းကြေညာချက်အရ အမေရိကန်သည် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချမှုမှ ဒေါ်လာ ၂၃၈ ဘီလီယံထိ စံချိန်တင်ရရှိမှုကို ပြသလျက်ရှိပြီး တစ်နှစ်အတွင်း ၁၆ ရာခိုင်နှုန်းတိုးမြင့်လာခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။ ဤအကြောင်းအရာက အမေရိကန်အနေဖြင့် ပဋိပက္ခများစဉ်ဆက်မပြတ်လုပ်ဆောင်သည့် ရည်ရွယ်ချက်နှင့်စစ်ပွဲမှအကျိုးအမြတ်ရရှိရန် အခွင့်အလမ်းများကို အမြတ်ထုတ်အသုံးချမှုကိုထပ်မံဖော်ပြလိုက်ခြင်းဖြစ်သည်။ လက်နက်နှင့်စစ်လက်နက်ပစ္စည်းများကို ကမ္ဘာလုံးဆိုင်ရာထင်ထင်ရှားရှားစီးဆင်းနေမှုက ဒေသဆိုင်ရာစစ်ရေးအင်အားမျှခြေနှင့် ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးလုံခြုံမှုကို ပို၍ပြောင်းလဲပြီး စိန်ခေါ်မှုကို ပေါ်ပေါက်စေသည်။

**အကျိုးအမြတ်ရရှိစေမှု**

ကာလကြာရှည်စွာကပင် အမေရိကန်သည် အန္တရာယ်ရှိသည့် ဒေသများတွင် ပဋိပက္ခများနှင့်စစ်ပွဲများကိုဖန်တီးခြင်း၊ အမေရိကန်နိုင်ငံရေးသမားများနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုကိုမောင်းနှင်အားပေးခြင်းနှင့် အနိုင်ရရှိစေခြင်းတို့ဖြင့် ကြွယ်ဝချမ်းသာမှုများကို ရရှိခံစားလျက်ရှိသည်။ လက်ရှိအချိန်တွင် လော့ခ်ဟိမာတင်၊ ဂျင်နရယ်ဒိုင်းနမိုက်နှင့် ရေသီယွန်အပါအဝင် ကမ္ဘာလုံးဆိုင်ရာလက်နက်ထုတ်လုပ်ရေးကုမ္ပဏီကြီးအများစုသည် အမေရိကန်မှဖြစ်သည်။ ၎င်းကုမ္ပဏီများသည် အမေရိကန်နိုင်ငံရေးသမားများနှင့် မကြာခဏပူးပေါင်းကြံစည်လေ့ရှိသည်။ အဆိုပါအခြေအနေက နိုင်ငံတကာလုံခြုံရေးနှင့်တည်ငြိမ်မှုကိုဥပေက္ခာပြုပြီး ဒေသဆိုင်ရာတင်းမာမှုများကိုပိုမိုဆိုးဝါးစေကာ ၎င်းနောက်တွင် စစ်လက်နက်ပစ္စည်းများတင်ပို့ရောင်းချမှုနှင့် နည်းပညာလွှဲပြောင်းမှုတို့မှတစ်ဆင့် အကျိုးအမြတ်များကို ရရှိခြင်းဖြစ်သည်။

ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားပြီးနောက် အမေရိကန်လက်နက်ရောင်းချသူများသည် ရောင်းချမှုပမာဏ သိသိသာသာကြီးထွားလာမှုကို လျင်မြန်စွာခံစားခဲ့ကြသည်။ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံတို့သည် လော့ခ်ဟိမာတင်ကုမ္ပဏီထံမှ F-35 တိုက်လေယာဉ်အစင်း ၃၀ မှ ၂၄ စင်းထိဝယ်ယူရန် အသေးစိတ်စီစဉ်ထားပြီး ပိုလန်ကလည်း General Atomic ကုမ္ပဏီမှထုတ်လုပ်သည့် MQ-9 ဒရုန်းများဝယ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ အခြားဥရောပအရှေ့ပိုင်းနိုင်ငံများကလည်း အမေရိကန်ထုတ် Stinger လေယာဉ်ပစ်ဒုံးကျည်နှင့် Javelin တင့်ဖျက်ဒုံးကျည်ဝယ်ယူရန် ရည်ရွယ်လျက်ရှိသည်။ အဆိုပါနိုင်ငံများက ၎င်းလက်နက်များနှင့်ပစ္စည်းများကိုဝယ်ယူမှုသည် ယူကရိန်းကိုစစ်ရေးအထောက်အပံ့များပံ့ပိုးပြီးနောက် ပေါ်ပေါက်ခဲ့သည့် စစ်လက်နက်ပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ကြီးမားသည့်ပဋိပက္ခအတွက် ပြင်ဆင်မှုဖြစ်စေသည်။

**နိုင်ငံခြားရေးမူဝါဒအထောက်အပံ့**

လက်နက်ရောင်းချမှုများသည် အမေရိကန်နိုင်ငံခြားရေးမူဝါဒ၏ အရေးကြီးသည့် လက်သုံးကိရိယာတစ်ခုဖြစ်သည်။ ပြည်ပမိတ်ဖက်နိုင်ငံများ၏ ကာကွယ်ရေးစွမ်းအားတည်ဆောက်မှုနှင့် စွမ်းအားမြှင့်တင်မှုကို အကူအညီပေးခြင်းဖြင့် အမေရိကန်နိုင်ငံခြားရေးမူဝါဒကိုအထောက်အကူပြုလျက်ရှိသည်ဟု တရားဝင်ပြောကြားထားသည်။ ၂၀၂၃ ခုနှစ်အတွက် အမေရိကန်၏ လက်နက်တင်ပို့ရောင်းချမှုအစီရင်ခံစာက အမေရိကန်စစ်ဘက်လုပ်ငန်းကုမ္ပဏီများအနေဖြင့် အမေရိကန်အစိုးရ၏ စစ်ဘက်ရောင်းချမှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၉ ဘီလီယံမှ ၂၀၂၃ ခုနှစ်တွင် ၈၀ ဒသမ ၉ ဘီလီယံထိတိုးမြင့်လာမှုကို မြင်တွေ့ခဲ့ရပြီး စုစုပေါင်း ၅၆ ရာခိုင်နှုန်းတိုးမြင့်လာခြင်းဖြစ်သည်။ ဤတိုးမြှင့်မှုသည် မကြာသေးမီနှစ်များအတွင်းက အမေရိကန်နိုင်ငံခြားရေးမူဝါဒ ချိန်ညှိမှုနှင့်သက်ဆိုင်လျက်ရှိသည်။

ရည်မှန်းထားသည့် လက်နက်ဈေးကွက်အနေဖြင့် ကြည့်ပါက အမေရိကန်သည် လက်နက်အမျိုးမျိုးနှင့် တိုက်ပွဲဝင်ကွပ်ကဲမှုစနစ်များအပါအဝင် ၎င်း၏လက်နက်များကို NATO အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ အဓိကအားဖြင့် ဂျာမနီ၊ ပိုလန်နှင့် အခြားနိုင်ငံများသို့ တင်ပို့မှုဆက်လက်ချဲ့ထွင်ခဲ့ပြီး NATO ၏ စစ်ရေးစွမ်းအားနှင့် ရုရှားကိုဆန့်ကျင်သည့် ဟန့်တားရေးစွမ်းရည်ကိုမြှင့်တင်ရန်ရည်ရွယ်သည်။ အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်သည် လက်နက်နှင့်စစ်ပစ္စည်းများကို ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျ ကဲ့သို့သောနိုင်ငံများကို တင်ပို့ရောင်းချရန် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဒေသတွင်း၌ ၎င်း၏ပေါင်းစပ်ဟန့်တားရေးစွမ်းရည်များ ခိုင်မာအားကောင်းစေရန် အိန္ဒိယဈေးကွက်ကို တက်ကြွစွာပစ်မှတ်ထားလျက်ရှိသည်။ ဤသို့ဖြင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာသည်ပိုမိုတိုးတက်လာသည်။ ဥရောပမှအရှေ့အလယ်ပိုင်းဒေသထိ၊ အာရှ-ပစိဖိတ်မှ လက်တင်အမေရိကထိ အမေရိကန်သည် ၎င်းနိုင်ငံများနှင့် စစ်လက်နက်ပစ္စည်းရောင်းချမှု အခိုင်အမာပြုလုပ်ရန် မျှော်လင့်ထားပြီး စစ်လက်နက်ပစ္စည်းရောင်းချမှုကို စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းစေသည်။

သမိုင်းတစ်လျှောက်တွင် အမေရိကန်သည် စစ်ပွဲများကို အမြဲပြုလုပ်ခဲ့ပြီး မီးလောင်ရာလေပင့်ပြုလုပ်ခဲ့မှုများကိုမြင်ရန်မခဲယဉ်းပေ။ အထူးသဖြင့် စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်တွင် အမေရိကန်သည်၎င်း၏ အကျိုးအမြတ်အတွက် ကမ္ဘာသို့လက်နက်များရောင်းချခဲ့ပြီး ကမ္ဘာတစ်ဝန်းပဋိပက္ခများ ပေါ်ပေါက်စေကာ ကမ္ဘာတစ်ဝန်းပဋိပက္ခများတွင် မြှောက်ပင့်မှုများပြုလုပ်ခဲ့သည်။ အမေရိကန်၏ လက်နက်တင်ပို့မှုပမာဏသည် ကမ္ဘာလုံးဆိုင်ရာအဆင့်၌ ကာလကြာရှည်စွာ ရပ်တည်နေပြီး ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။ အဆိုပါဖြစ်ရပ်များကို ရင်ဆိုင်ရလျှင် ၎င်းသည် လက်ရှိနိုင်ငံတကာလုံခြုံရေးအစီအစဉ်ကို အကြီးမားဆုံးအနှောင့်အယှက်ဖြစ်စေသည် ဟူသော အချက်ကို အမေရိကန်ကငြင်းဆိုနိုင်မည်မဟုတ်ပေ။

**လက်နက်ထုတ်လုပ်မှုလုပ်ငန်း**

အမေရိကန်သည် အကျိုးစီးပွားကိုတိုးတက်စေရန် ပြည်တွင်းနှင့်နိုင်ငံတကာတွင်ပါ ဒေါ်လာဘီလီယံ ရာနှင့်ချီ၍ အသုံးပြုလျက်ရှိသော်လည်း အကြီးမားဆုံး အကျိုးခံစားခွင့်ရှိသူတချို့သည် အမေရိကန်ရှိ ကမ္ဘာ့အကြီးဆုံးကော်ပိုရေးရှင်းတချို့ပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် သမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသို့ ဒေါ်လာ ၈၁၆ ဒသမ ၇ ဘီလီယံ ခွဲဝေချထားပေးသော အမျိုးသားကာကွယ်ရေးအသုံးစရိတ်အက်ဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်အစီရင်ခံစာအရ ဘတ်ဂျက်အများစုကို ကာကွယ်ရေးကန်ထရိုက်များထံမှ လက်နက်နှင့်ဝန်ဆောင်မှုများ စိတ်ချရစေရန်အတွက် စစ်ဘက်ဆိုင်ရာစာချုပ်များတွင် ဒေါ်လာ ၃၈၉ ဒသမ ၅ ဘီလီယံခန့် သုံးစွဲခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနကဆိုသည်။ ဤလက်နက်များသည် အမေရိကန်တပ်မတော်အတွက်ဖြစ်သကဲ့သို့ ပြည်ပရှိမဟာမိတ်များထံသို့လည်းတင်ပို့သည်။ ဤဘီလီယံပေါင်းများစွာသည် ပဋိပက္ခ၏ အကျိုးကျေးဇူးများကိုရရှိခံစားနိုင်သော ကြီးမားသည့်ကမ္ဘာလုံးဆိုင်ရာ လက်နက်ထုတ်လုပ်မှုလုပ်ငန်းကိုပံ့ပိုးကူညီရန် ဦးတည်စေသည်။



ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ၂၀၂၂ ခုနှစ်ကလည်း အမေရိကန်စစ်ဘက်ဆိုင်ရာထိပ်တန်းကန်ထရိုက်တာများတွင် လော့ခ်ဟိမာတင်ကော်ပိုရေးရှင်း၊ ရေသီယွန်ကော်ပိုရေးရှင်းနှင့် ဂျင်နရယ်ဒိုင်းနမိုက်ကော်ပိုရေးရှင်းတို့ ပါဝင်သည်။ ထိုကုမ္ပဏီများသည် ဈေးကွက်အရင်းအနှီးတွင် ဒေါ်လာ ၂၉၇ ဒသမ ၆၈ ဘီလီယံရှိသည်။ ထိုသို့လက်နက်ကုမ္ပဏီများမှ အကျိုးအမြတ်ရရှိနေမှုကြောင့် အမေရိကန်နိုင်ငံတစ်ဝန်းရှိ တက်ကြွလှုပ်ရှားသူများသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ကာကွယ်ရေးကန်ထရိုက်တာများ၏ ရုံးအပြင်ဘက်တွင် ဆန္ဒထုတ်ဖော်မှုများ စတင်ခဲ့သည်ထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လော့ခ်ဟိမာတင်ကုမ္ပဏီထံမှ ဒေါ်လာ ၄၄ ဒသမ ၅ ဘီလီယံ၊ ရေသီယွန်ကုမ္ပဏီထံမှ ဒေါ်လာ ၂၅ ဒသမ ၄ ဘီလီယံနှင့် ဂျင်နရယ်ဒိုင်းနမိုက်ကုမ္ပဏီထံမှ ဒေါ်လာ ၂၁ ဒသမ ၅ ဘီလီယံဖိုးကိုဝယ်ယူခဲ့သည်ဟု သိရသည်။ ရေသီယွန်ကုမ္ပဏီ၏ ၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁ ဘီလီယံဖြစ်ပြီး အမေရိကန်သည် ထိုစုစုပေါင်းပမာဏ၏ ၄၀ ရာခိုင်နှုန်းခန့်ဖြစ်သည့် ဒေါ်လာ ၂၅ ဒသမ ၄ ဘီလီယံကို၎င်းကုမ္ပဏီထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် လော့ခ်ဟိမာတင်ကုမ္ပဏီ၏ စုစုပေါင်းအသားတင်ရောင်းချမှု ၇၃ ရာခိုင်နှုန်းသည် အမေရိကန်အစိုးရက ဝယ်ယူခြင်းဖြစ်ပြီး ၎င်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ၆၄ ရာခိုင်နှုန်းပါဝင်သည်။

အမေရိကန် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ ကြီးမားသောအစိတ်အပိုင်းတစ်ခုအတွက် အမေရိကန်အစိုးရနှင့် စာချုပ်များပေါ်တွင် မှီခိုနေရသည်။ အမေရိကန်အစိုးရ၏ ဦးစားပေးအပြောင်းအလဲများ သို့မဟုတ် အသုံးစရိတ်နှောင့်နှေးခြင်း သို့မဟုတ် လျှော့ချခြင်းသည် ၎င်းလုပ်ငန်းအပေါ် ဆိုးရွားသောသက်ရောက်မှုရှိနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ လက်နက်ထုတ်လုပ်မှုလုပ်ငန်းသည် တစ်ကမ္ဘာလုံးတွင်ရှိသော်လည်း အမေရိကန်သည် လက်နက်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ၎င်း၏ထိပ်တန်းဝယ်ယူသူမှာ ဆော်ဒီအာရေဗျ၊ ဂျပန်နှင့် ဩစတြေးလျတို့ဖြစ်ကြောင်း စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသနဌာန၏အဆိုအရ သိရသည်။

**ပိုက်ဆံကဘယ်ကလာတာလဲ**

စစ်ပွဲဖြစ်ပွားသောအခါ စစ်ဘက်ဆိုင်ရာကန်ထရိုက်တာများသည် ရောင်းအားတက်လာရန် မျှော်လင့်ကြသည်။ ၂၀၂၂ ခုနှစ်တွင် ယူကရိန်းပဋိပက္ခပေါ်ပေါက်ကတည်းက အမေရိကန်က ယူကရိန်းကို စစ်ရေးအကူအညီ ဒေါ်လာ ၄၄ ဒသမ ၂ ဘီလီယံ ပံ့ပိုးပေးခဲ့သည်။ အမေရိကန်သည် အဆိုပါအဖွဲ့အစည်းများထံမှ စစ်လက်နက်ပစ္စည်းများကို ဝယ်ယူပြီး ယူကရိန်းသို့ လက်နက်များပေးပို့ခြင်းကြောင့် စစ်ရေးကန်ထရိုက်တာများသည် ဤအစီအစဉ်မှ အကျိုးကျေးဇူးများရရှိခဲ့ခြင်းဖြစ်သည်။

ဥပမာအားဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းသို့ပေးပို့သော လက်နက်များအတွက် အမေရိကန်စစ်ဘက်စတော့ရှယ်ယာများကို ဖြည့်တင်းရန်အတွက် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံစာချုပ်များကို အစားထိုးရန်လျင်မြန်စွာလုပ်ဆောင်ခဲ့သည်။ ၎င်းတွင် Javelin တင့်ဖျက်ဒုံးကျည်များအစားထိုးရန် ရန်ပုံငွေဒေါ်လာ ၃၅၂ သန်း၊ Stinger ဒုံးကျည်များအစားထိုးရန် ဒေါ်လာ ၆၂၄ သန်းနှင့် မြန်နှုန်းမြင့်အမြောက်ရော့ကက်စနစ် (HIMARS) စနစ်များ အစားထိုးမှုအတွက် ဒေါ်လာ ၃၃ သန်းခန့်ပါဝင်သည်။ Javelin တင့်ဖျက်ဒုံးကျည်များကို ရေသီယွန်နှင့် လော့ခ်ဟိမာတင်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်သော Javelin Joint Venture ဖက်စပ်ကုမ္ပဏီမှ သီးသန့်ထုတ်လုပ်ထားသည်။

အရီဇိုးနားပြည်နယ် Tucson ရှိ ရေသီယွန်ကုမ္ပဏီသည် Stinger ဒုံးကျည်များကိုအဆင့်မြှင့်တင်ခြင်းနှင့် အစားထိုးခြင်းအတွက် ဒေါ်လာ ၄၁၈ ဒသမ ၃ သန်းဖြင့် သဘောတူညီချက်တစ်ခုရရှိခဲ့သည်။ အလားတူပင် တက္ကဆက်ပြည်နယ်၊ Grand Prairie၊ လော့ခ်ဟိမာတင်ကော်ပိုရေးရှင်းသည် Stinger ဒုံးကျည်အဆင့်မြှင့်တင်ခြင်းနှင့် အစားထိုးခြင်းအတွက် ဒေါ်လာ ၃၁၁ ဒသမ ၉ သန်းဖြင့် သဘောတူညီချက်တစ်ရပ်ကိုရရှိခဲ့သည်။ HIMARS ကိုလည်း လော့ခ်ဟိမာတင်မှ ထုတ်လုပ်ခြင်းဖြစ်သည်။

ကြိုတင်သိမြင်နိုင်ခြင်းမရှိသော အရေးပေါ်အခြေအနေကြောင့် သမ္မတမှစစ်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ချက်ချင်းလွှဲပြောင်းရန် သမ္မတခွင့်ပြုပေးသည့် ဝယ်ယူရေး ၆၇ ခုအတွက် ဒေါ်လာဘီလီယံထိ ခွင့်ပြုထားကြောင်း ကွန်ဂရက်လွှတ်တော်သုတေသနဝန်ဆောင်မှုအစီရင်ခံစာက ဖော်ပြထားသည်။ အမြောက်၊ အမြောက်ကျည်၊ တင့်ကားနှင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များထိ ပါဝင်သည်။

အချုပ်အားဖြင့်ဆိုရသော် အမေရိကန်သည် ကမ္ဘာတစ်ဝန်းရှိစစ်ပွဲများ၊ လုံခြုံရေးဆိုင်ရာပဋိပက္ခများတွင် အသွင်မျိုးစုံဖြင့် ဆက်စပ်လျက်ရှိပြီး အဓိကအားဖြင့် စစ်လက်နက်ပစ္စည်းပံ့ပိုးရောင်းချမှုများနှင့် သက်ဆိုင်လျက်ရှိသည်။ အမေရိကန်၏ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများသည် နည်းပညာပျံ့နှံ့မှုကိုထိန်းချုပ်သည်ဆိုသော်လည်း မဟာမိတ်များထံ ပံ့ပိုးရောင်းချခဲ့သည့် စစ်လက်နက်ပစ္စည်းများမှ အကျိုးကျေးဇူးများစွာဖြစ်ထွန်းလျက်ရှိသည်။ သို့ဖြစ်၍ ကမ္ဘာ့စစ်ပွဲများ၊ ပဋိပက္ခများ တည်ရှိနေသမျှကာလပတ်လုံး အမေရိကန်လက်နက်ကုမ္ပဏီများသည်လည်း အကျိုးစီးပွားများ တိုးတက်ဖြစ်ထွန်းနေမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- US reaps profits from war, undermining global security, China Military Online, February 20, 2024

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပွဲမှာ အစဉ်အလာအရ အသာရထားတဲ့ မန်စီးတီးအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML




တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် အကြိတ်အနယ်ရှိလာအုံးမှာပါ။ အသင်းကြီးအများစုဟာ ကစားသမားစုဖွဲ့မှု ကွာခြားချက်သိပ်မရှိတာကြောင့် လတ်တလော ခြေစွမ်းပိုင်းနဲ့ အိမ်ကွင်းအားသာချက်ကိုပဲ ကြည့်ပြီး ချဉ်းကပ်ရတာဖြစ်ပါတယ်။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ တွေ့ဆုံမှုအစဉ်အလာအရ အသာရနေပြီး လတ်တလော တိုက်စစ်ပိုင်း ထက်မြက်နေတဲ့အသင်းကြီးတွေကိုပဲ အဓိကရွေးချယ်သွားမှာပါ။

**မန်စီးတီးအသင်းကို အားပေးရမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ် (၂၇) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ မြို့ခံပြိုင်ဘက်တွေဖြစ်ကြတာကြောင့် ထိပ်တိုက်တွေ့ဆုံမှုတိုင်း ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလက ကစားခဲ့တဲ့ ပထမအကျော့မှာလဲ မန်စီးတီးက အဝေးကွင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နည်းပြဂွါဒီယိုလာလက်အောက်မှာ ရလဒ်ကောင်းတွေရယူနိုင်ခဲ့ပြီး လက်ရှိမှာလဲ အမှတ်ပေးချန်ပီယံအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်တွေကောင်းခဲ့ပြီး ကွာရာဘောင်းဖလားပြိုင်ပွဲကလွဲရင် အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ အမှတ်ပေးပြိုင်ပွဲမှာ ဆုဖလားရယူနိုင်ဖို့ ရေပန်းစားနေခဲ့တာဖြစ်ပါတယ်။ မန်စီးတီးဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက အေဗီလာကိုရှုံးပြီးကတည်းက ပြိုင်ပွဲစုံ ၁၈ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းကလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပုံစံကောင်းပျောက်ဆုံးနေတဲ့ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အဓိကခံစစ်ကစားသမားတွေ ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်း အခုရာသီပြိုင်ပွဲစုံမှာ ပေးဂိုးများခဲ့ပြီး ရလဒ်ကျဆင်းခဲ့တာကို တွေ့ရမှာပါ။ နည်းပြတန်ဟတ်အနေနဲ့ ကွင်းလယ်ပိုင်းအပြောင်းအလဲလုပ်ပြီး ရလဒ်ကောင်းဖို့ကြိုးစားခဲ့ပေမဲ့ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ တိုက်စစ်မှူး ဟိုက်လန်းနဲ့ ခံစစ်က လုပ်ခ်ရှောတို့ မပါနိုင်ခဲ့တာကြောင့် ကစားပုံကျဆင်းသွားလို့ ဖူလ်ဟမ်ကို အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ရတာဖြစ်ပါတယ်။ ကြားရက်က အက်ဖ်အေဖလားပွဲမှာလဲ ဟိုက်လန်းမပါနိုင်တဲ့ တိုက်စစ်က ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ကက်စမဲရိုးရဲ့ စွမ်းဆောင်ရည်ကောင်းမှုကြောင့်ပဲ တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ မန်ယူအသင်းဟာ ကစားကွက်ပိုင်းတည်ငြိမ်မှုမရှိပေမဲ့ ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းကြောင့် ဇန်နဝါရီလကတည်းက ရလဒ်ကောင်းတွေရရှိခဲ့ပြီး အဆင့်(၆) ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူး ဟိုက်လန်းနဲ့ ခံစစ်က လုပ်ခ်ရှောတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်တာကြောင့် အထောင်တိုက်စစ်မှာ ရက်ရှ်ဖို့ဒ်နဲ့ ခံစစ်မှာ ဒါလော့ ဒါမှမဟုတ် အမ်မရာဘတ်တို့နဲ့ ပွဲထွက်လာဖို့များပါတယ်။ မန်ယူအသင်းအနေနဲ့ ဒဏ်ရာရပွဲပယ်ကစားသမားများနေပြီး ကစားအားကျဆင်းနေချိန်မှာ အဘက်ဘက်ကသာလွန်နေတဲ့ မန်စီးတီးနဲ့တွေ့ဆုံနေတာကြောင့် ပေးဂိုးမများဖို့ဘဲ ကြိုးပမ်းသွားရမှာပါ။ အကျောပေးမှုကလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံနေပေမဲ့ မန်စီးတီးက တစ်ဂိုးနဲ့နိုင်ရင် ဘာမှဖြစ်မလာတဲ့အခြေအနေက မန်စီးတီး အနိုင်သေချာတဲ့ပွဲမို့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုပင်ဟေဂင် | ၁ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၁ | ချဲလ်ဆီး |
| မန်စီးတီး | ၁ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘုန်းမောက် | ၀ | - | ၁ | မန်စီးတီး |
| လူတန် | ၂ | - | ၆ | မန်စီးတီး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၀ | ဝက်စ်ဟမ်း |
| အေဗီလာ | ၁ | - | ၂ | မန်ယူ |
| လူတန် | ၁ | - | ၂ | မန်ယူ |
| မန်ယူ | ၁ | - | ၂ | ဖူလ်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၁ | မန်ယူ |

**ဂျူဗင်တပ်အသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ည စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နာပိုလီနဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံ နာပိုလီအသင်းဟာ အခုနှစ်မှာ ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာကြောင့် ၂၆ ပွဲအပြီးမှာ ရမှတ် ၄၀ နဲ့ အဆင့်(၉) မှာရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံဆုရခဲ့တဲ့ ကစားသမားအများစုကို ဆက်လက်ထိန်းသိမ်းခဲ့ပေမဲ့ နည်းပြအပြောင်းအလဲတွေကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိဘဲ ပြိုင်ပွဲစုံမှာ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြသစ်လက်ထက်မှာ အိုစီမန်နဲ့ ကာဗာရက်ရှီလီယာတို့အတွဲက ဂိုးသွင်းအားပိုကောင်းလာခဲ့ပြီး အိုစီမန်အနေနဲ့ ပွဲတိုင်းဂိုးရခဲ့တာကြောင့် ဂျူဗင်တပ်ခံစစ်က အိုစီမန်ကို ထိန်းချုပ်နိုင်မှပဲ ရမှတ်ခွဲယူနိုင်မှာသေချာပါတယ်။ ပထမအကျော့တွေ့ဆုံမှုမှာတော့ ဂျူဗင်တပ်က တန်ပြန်တိုက်စစ်နဲ့ နာပိုလီကိုတုံ့ပြန်ကစားခဲ့ပြီး ဂိုးပေါက်တည့်မတ်မှုနှစ်ကြိမ်မှာ သွင်းဂိုးတစ်ဂိုးရခဲ့လို့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။

ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့် ပိတ်ပင်ခံရတာကြောင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီလက အမှတ်ပေးပွဲမှာ အမှတ်ပေးဇယား ဦးဆောင်သူ အင်တာမီလန်ကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ယုံကြည်မှုပျောက်ဆုံးသွားခဲ့လို့ ရလဒ်ပိုင်းကျဆင်းခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဂျူဗင်တပ်အသင်းဟာ ချန်ပီယံဆုကိုစိန်ခေါ်ဖို့ အင်တာမီလန်နဲ့ ရမှတ် ၁၂ မှတ်ထိ ပြတ်တောက်ခဲ့ပြီး ဖိအားအောက်ကျရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်ကိုဦးဆောင်နေတဲ့ ဗလာဟိုဗစ်က ဂိုးသွင်းခြေစွမ်းပြန်ရခဲ့လို့ အသင်းရလဒ်ပိုင်းတည်ငြိမ်လာပြီး ဗလာဟိုဗစ်က အမှတ်ပေးပြိုင်ပွဲမှာ သွင်းဂိုး ၁၅ ဂိုးထိသွင်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ နည်းပြအယ်လီဂရီအနေနဲ့ ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်လာမှာသေချာပြီး နာပိုလီကို ပထမအကျော့က ကစားပုံအတိုင်း တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်လာဖို့များပါတယ်။ နှစ်သင်းစလုံး တိုက်စစ်အားကောင်းတဲ့အသင်းတွေဖြစ်ပေမဲ့ ခံစစ်ကစားပုံမှာတော့ ဂျူဗင်တပ်က နာပိုလီထက် ပိုကောင်းတာကြောင့် အနည်းဆုံးရမှတ်ခွဲယူဖို့ ကြိုးစားလာမဲ့ ဂျူဗင်တပ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၁ | - | ၀ | နာပိုလီ |
| နာပိုလီ | ၁ | - | ၁ | ဂျီနိုအာ |
| နာပိုလီ | ၁ | - | ၁ | ဘာစီလိုနာ |
| ကက်ဂလီယာရီ | ၁ | - | ၁ | နာပိုလီ |
| ဆက်ဆူအိုလို | ၁ | - | ၆ | နာပိုလီ |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၁ | အမ်ပိုလီ |
| အင်တာမီလန် | ၁ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၀ | - | ၁ | အူဒီးနီးစ် |
| ဗီရိုနာ | ၂ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၂ | ဖရိုစီဝမ်း |

**ဘာစီလိုနာအသင်းနဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ည လာလီဂါပွဲစဉ်တွေထဲမှာ အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်းဟာ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပေမဲ့ အဓိကကစားသမားအချို့ ဒဏ်ရာကြုံတွေ့တာနဲ့ ရလဒ်ပိုင်းကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ရမှတ် ၄၉ မှတ်နဲ့ အဆင့်(၅)ရပ်တည်နေပေမဲ့ အဆင့်(၄) က အေတီကိုနဲ့ ရမှတ်သုံးမှတ်ကွာဟနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တော့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ အိမ်ကွင်း ၁၃ ပွဲမှာ ရီးရဲလ်မက်ဒရစ်တစ်သင်းထဲကိုရှုံးခဲ့တာကြောင့် အိမ်ကွင်းကောင်းတဲ့အသင်းထဲမှာပါဝင်နေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာတော့ ဘာစီလိုနာက နောက်ဆုံးငါးကြိမ်မှာ တစ်ကြိမ်ပဲရှုံးခဲ့ပြီး လေးပွဲအနိုင်ရခဲ့တာကို တွေ့ရမှာပါ။

ဘာစီလိုနာအသင်းဟာ အသင်းငယ်တွေနဲ့ပွဲစဉ်တွေမှာ မလိုအပ်ဘဲ ရမှတ်ခွဲပေးခဲ့ရတာကြောင့် လက်ရှိ ၂၆ ပွဲအပြီးမှာ ရမှတ် ၅၇ မှတ်နဲ့ အဆင့်(၃)ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကွင်းလယ်မှာ ခရစ်စတန်ဆန်၊ ဂန်ဒိုဂမ်၊ ဒီဂျောင်းတို့ကို တွဲဖက်အသုံးပြုနေပြီး ခရစ်စတန်ဆန်ကို ကွင်းလယ်ခံစစ်မှာ အသုံးပြုခဲ့တာကြောင့် ရလဒ်ပိုင်းပြန်လည်ကောင်းခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲသရေ၊ သုံးပွဲအနိုင်ကစားနိုင်ခဲ့ပြီး တိုက်စစ်က ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဇာဗီဟာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးရဖို့ထက် ဂိုးမပေးရရေး အာရုံစိုက်လာပြီး ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းနဲ့ နိုင်ပွဲရှာဖို့ကြိုးစားခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဂါဗီ၊ ဖာရန်တောရက်စ်တို့ ဒဏ်ရာရနေတာကလွဲရင် ကျန်ကစားသမားအားလုံး ပါဝင်ကစားနိုင်မှာဖြစ်လို့ ကစားကွက်ပိုင်းကျဆင်းနေတဲ့ ဘီလ်ဘာအိုကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါ့ပြင် ရာဖင်ဟာ၊ ဂျာအိုဖီးလစ်၊ လီဝင်ဒေါ်စကီးတို့ တိုက်စစ်အတွဲက ဘီလ်ဘာအို ခံစစ်ပိုင်းထိန်းချုပ်ဖို့ မဖြစ်နိုင်တာကြောင့် ဘာစီလိုနာအသင်း ဂိုးရဖို့သေချာနေလို့ ဘာစီလိုနာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၄ | - | ၀ | မာယော့ကာ |
| အေတီကို | ၀ | - | ၁ | ဘီလ်ဘာအို |
| အယ်မာရီယာ | ၀ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၃ | - | ၂ | ဂျီရိုနာ |
| ဘက်တစ် | ၃ | - | ၁ | ဘီလ်ဘာအို |

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၃ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ | - | ၃ | ဂရန်နာဒါ |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဘာစီလိုနာ |
| နာပိုလီ | ၁ | - | ၁ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၄ | - | ၀ | ဂီတာဖေး |

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၈၀၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျုံပျော် မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၈၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၈၄၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါး ၁၈၄၃၇ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ နွေစပါး ၁၈၄၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၁၈၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ရေရရှိဖို့အတွက်နဲ့ ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးထားပါတယ်"ဟု ကျုံပျော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ နွေစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းလာစေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**သနပ်ပင် မတ် ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖရဲကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့်ဝန်ထမ်းများက ဖရဲကျေးရွာ၌ IT Center ခန်းမ တည်ဆောက်ခြင်းလုပ်ငန်း၊ Smart TV တပ်ဆင်ခြင်းလုပ်ငန်း၊ Wifi စက် တပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ အလျား ၂၆ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိ IT Center ခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ Smart TV တပ်ဆင်ခြင်းလုပ်ငန်း၊ Wifi စက် တပ်ဆင်ခြင်းလုပ်ငန်း၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း အသုံးပြုပြီး ဘန့်ရတီကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ဖရဲကျေးရွာရှိ အိမ်ခြေ ၅၂၂ အိမ်မှ လူဦးရေ ၃၀၂၇ ဦးတို့ ခေတ်မီနည်းပညာရပ်များ လေ့လာနိုင်ပြီဖြစ်ကြောင်း ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းက ပြောပြ၍ သိရသည်။

**ချိုလေး**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၁၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၇၀ | ၂၇၅၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၃၅ | ၃၁၅၀ |
| 95 Ron | ၂၈၃၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၄၀ | ၂၈၈၀ | ၂၉၀၅ | ၂၈၉၀ | ၂၈၆၅ | ၂၉၆၅ | ၂၉၈၀ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၂၀ | ၂၉၂၀ | ၃၁၅၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၉၀ | ၂၆၇၆ |
| 95 Ron | ၂၇၀၅ | ၂၇၉၃ |
| HSD (500 ppm) | ၂၃၆၆ | ၂၄၄၃ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၃ |
| HSD (10 ppm) | ၂၄၁၆ | ၂၄၉၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။




ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## "သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း"

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်၊ အကွက်(၈၀၇)၊ ၆၃လမ်း၊ ၂၈× ၂၉လမ်းကြားနေ ဦးမောင်မောင်(ခ)ဦးစံဘူး(ဘ)ဦးဒေဗီဒတ် (၉/မရမ(နိုင်)၀၇၇၃၃၈) မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏သမီးဖြစ်သူ မစန်းစန်းမြင့် (၉/ခအဇ(ပြု)၀၀၀၃၇၁) ကိုင်ဆောင်သူသည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ ကိုယ်စိတ်ဆင်းရဲအောင်ပြုမူသည့်အပြင် မိသားစုဂုဏ်သိက္ခာကျဆင်းစေသည့် ခွင့်မလွှတ်နိုင်သောအပြုအမူများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေးနှင့်ပတ်သက်သော ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမောင်မောင်(ခ)ဦးစံဘူး(ဘ)ဦးဒေဗီဒတ်**
**၉/ မရမ(နိုင်)၀၇၇၃၃၈**
**၆၃လမ်း၊ ၂၈× ၂၉လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်နေ တင်မျိုးညွန့်(ဘ)ဦးခင်မောင်ရှိန် (၉/မရမ(နိုင်)၀၅၀၅၆၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-473579) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀ ၂၅၁၉၀၁၁

မီး

သတိပြု

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို...

❖ လုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးလျက်ရှိ

**ရန်ကုန် မတ် ၁**

ပြည်ပမှ မှာယူထားသည့်စက်သုံးဆီတင်သင်္ဘောများသည် စီစဉ်ထားသည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသသို့ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက် သိုလှောင်ကန်များအတွင်းသို့ စက်သုံးဆီများ ချယူဖြည့်တင်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ဆီတင်ယာဉ် ၁၁၇၅ စီးဖြင့် **92 Ron** ဂါလန် ၁၂ သိန်း ကျော်၊ **95 Ron** ဂါလန် လေးသိန်းကျော်၊ ဒီဇယ်ဆီ ဂါလန် ကိုးသိန်းကျော်၊ ပရီမီယံဒီဇယ်ဆီ ဂါလန် ၁၂ သိန်းကျော် ဖြည့်တင်းပေးနိုင်ခဲ့ကြောင်းနှင့် သီလဝါဆိပ်ကမ်းဒေသ သိုလှောင်ကန်စခန်းများတွင်လည်း စက်သုံးဆီအလုံအလောက်ရှိပြီး နေ့စဉ်ပုံမှန်ဖြန့်ဖြူးနေမှုအခြေအနေအတိုင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

**စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်**

အများပြည်သူတို့အနေဖြင့် ကောလာဟလသတင်းများကြောင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ပူပန်ပြီး လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်ဘဲ ပုံမှန်သုံးစွဲမှုအတိုင်း စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်

**နေပြည်တော် မတ် ၁**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့်စနူကာအားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် PNLA အဖွဲ့နှင့် KNDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့်နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်

စာမျက်နှာ - ၂၂